

OttawaDialogue
RESEARCH & ACTION

Policy Brief

# အပြောင်းအလဲအတွက် တွန်းအားများ မြန်မာနိုင်ငံရှိ လက်နက်ကိုင်နှင့် နိုင်ငံရေးလှုပ်ရှားမှုများအတွင်းရှိ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ပြင်ပပံ့ပိုးမှုများကို ထင်ဟပ်ခြင်း

အမှတ် ၉ ဧပြီ ၂၀၂၄

Tilman Papesch၊ ဇင်မာဖြိုး

## အစီရင်ခံစာ အကျဉ်းချုပ်

ဤမူဝါဒအကျဉ်းချုပ်သည် မြန်မာနိုင်ငံတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သော သုတေသနပြုမှု၏ သက်ရောက်မှုများကို စူးစမ်းလေ့လာရန်နှင့် မြန်မာနိုင်ငံရှိ လက်နက်ကိုင်နှင့် နိုင်ငံရေးလှုပ်ရှားမှုများ ထိန်းချုပ်ရာဒေသ သို့မဟုတ် ဩဇာလွှမ်းမိုးရာဒေသများ (APM) အတွင်းရှိ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကဏ္ဍ အကောင်အထည်ဖော်မှုများကို သုံးသပ်လေ့လာမှုနှင့် ပံ့ပိုးမှုများ ပြုနိုင်ရန်ဖြစ်ပါသည်။ ဤစီမံချက်က ဟောပြောဆွေးနွေးမှု ဖြစ်ရပ်များ၊ မူဝါဒနှင့် လုပ်ငန်းစဉ် အပြောင်းအလဲများ၊ ခေါင်းဆောင်မှုနှင့် ထိတွေ့ချည်းကပ်ဆက်ဆံမှု၊ လူအများပါဝင်ဆောင်ရွက် ထိတွေ့သည့်နည်းနာဖြင့် ချိတ်ဆက်မှုများအပေါ် မူတည်၍ မတူကွဲပြားသော အရေးပါသည့် အုပ်စုများ၏ ထင်မြင်ယူဆချက်များကို စုဆောင်း၍ သုံးသပ်စိစစ်မှု ပြုပါသည်။

စီမံချက်တစ်ခုလုံး၏ အလုံးစုံရည်ရွယ်ချက်မှာ လက်နက်ကိုင်နှင့် နိုင်ငံရေးလှုပ်ရှားမှုများ (APMs) တို့၏ WPS အရေးအကောင်အထည်ဖော်မှုဆိုင်ရာ မူဝါဒများနှင့် ကျင့်သုံးနေမှုများအပေါ် အသိပညာများ ဖန်တီးစုဆောင်းနိုင်ရန်နှင့် ကူညီ ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ပါသည်။ ဤလုပ်ငန်းများဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်မှု အားကောင်းလာစေရေးနှင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အကာအကွယ်ပေးမှု မြှင့်တင်နိုင်ရန် ဖြစ်သည်။ အလားတူ ဤလုပ်ငန်းစဉ်များအပေါ် ဩဇာသက်ရောက်မှုရှိနေသည့် အကြောင်းအချက်များကို သိရှိနိုင်ရန်ဖြစ်သည်။ မြန်မာနိုင်ငံ (အရှေ့ တောင်ဒေသ) တွင် ၎င်းစီမံချက်က ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) လှုပ်ရှားမှုနှစ်ခုကို လေ့လာပါသည်။ လှုပ်ရှားမှုများ၏ WPS အစီအစဉ်အကောင် အထည်ဖော်မှုနှင့် ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်မှုများကို ပံ့ပိုးပေးနိုင်ရန် လူအများပူးပေါင်းပါဝင်သည့် သုတေသနပြုခြင်းနှင့် နောက်ပိုင်းတွင် ဆွေးနွေးပွဲများ ပြုလုပ်ခြင်းမှတဆင့် ချိတ်ဆက်ဆောင်ရွက်ကာ လေ့လာခဲ့သည်။




# Key Takeaways

ဤစာတမ်းတိုပါ တွေ့ရှိချက်များနှင့် အကြံပြုချက်များသည် ဤခေါင်းစဉ်ပါကိစ္စနှင့် ပတ်သက်၍ ထိတွေ့ဆောင်ရွက်နေကြသောနိုင်ငံတကာ အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် အခြားသော အင်အားစုများအတွက် တန်ဖိုးရှိသော အတွင်းကျကျအမြင်များ ပံ့ပိုးပေးနိုင်ရန်အလို့ငှာ အောက်ပါအတိုင်း အရေးကြီးလုပ်ဆောင်သင့်သောအချက်များကို မီးမောင်းထိုးဖော်ပြပါသည်။

**၁။ WPS နှင့် ပတ်သက်၍ မည်သည့်လှုပ်ရှားမှုများက ထိတွေ့ဆောင်ရွက်ရန် ဆန္ဒရှိကြသည်ကို စဉ်းစားဆုံးဖြတ်ခြင်းနှင့် ရှိပြီးသား အာဏာသက်ရောက်လှုပ်ရှားမှုများ အားဖြည့်ပေးခြင်း။**
WPS အရေးကို လုပ်ဆောင်လိုသည့် လှုပ်ရှားမှုများကို ဖော်ထုတ်အသိအမှတ်ပြုပြီး ထိတွေ့ဆက်ဆံကာ ရှိပြီးသား သက်ရောက်မှုများ၊ နိုင်ငံရေးနောက်ခံအခြေအနေနှင့် သံန္နိဋ္ဌာန်ပိုင်းဖြတ်ထားမှုများအပေါ် လေးစားပါ။ အစီအစဉ်တစ်ခုကို အတင်းအကျပ် သွပ်သွင်းချမှတ်ခြင်း မဟုတ်ဘဲ အခြေခံ လေ့လာမှုများမှတဆင့် ပြင်ပမှ ပံ့ပိုးနေမှုများနှင့် ဒေသတွင်း သက်ရောက်လှုပ်ရှားမှုများကြား ကိုက်ညီမှု ရှိ-မရှိကို လေ့လာပါ။

**၂။ အမျိုးသမီးအဖွဲ့အစည်းများကိုလည်း ဘေးဖယ်မထားပဲ ခေါင်းဆောင်များကို လုပ်ငန်းစဉ်အတွင်း ပါဝင်စေခြင်း။**
လက်နက်ကိုင်နှင့် နိုင်ငံရေးလှုပ်ရှားမှုများ (APMs) ၏ ခေါင်းဆောင်များကို အစိုးရ၏လုပ်ငန်းဆောင်ရွက်သူများကဲ့သို့ပင် အသိအမှတ်ပြု၍ လုပ်ငန်းစဉ်တွင် အမျိုးသမီးအဖွဲ့အစည်းများလည်း ပါဝင်ကြောင်း သေချာစေပါ။ ကိုယ်စားပြုမှုနှင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ကျား-မ တန်းတူရှိစေရေးဆိုသည့် ပန်းတိုင်ဖြင့် အားလုံးပါဝင်သည့် ညှိနှိုင်းဆွေးနွေးမှုများကို အာမခံသည့် ရေရှည်တည်တံ့သော အပြောင်းအလဲများဖြစ်ပေါ်စေရန်အတွက် အမျိုးသမီးအဖွဲ့အစည်းများ၏ ကျွမ်းကျင်မှုကို အသိအမှတ်ပြု တည်ဆောက်ပါ။

**၃။ အမျိုးသားများ၏ပါဝင်ဆောင်ရွက်မှုကို အားပေးသည့်တချိန်တည်းတွင် အမျိုးသမီးများ၏ ခေါင်းဆောင်မှုကိုလည်း အသိအမှတ်ပြုခြင်း**
WPS အရေးတွင် အမျိုးသားများ၏ ပါဝင်ဆောင်ရွက်မှုကို ပို၍ကျယ်ပြန့်စွာ လက်ခံလာစေရန် မြှင့်တင်ပေးပါ။ သို့သော်လည်း အမျိုးသမီးများ၏ ခေါင်းဆောင်မှုကို မှေးမှိန်အားနည်းမှု မဖြစ်စေပါနှင့်။ ဆုံးဖြတ်ချက်ချမှတ်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံကို တန်ဖိုးထား အသိအမှတ်ပြုပါ။

**၄။ ယုံကြည်မှုနှင့် ရှိရင်းစွဲ ဝင်ပေါက်များအပေါ်တွင်သာ အခြေပြုလုပ်ဆောင်ခြင်း**
လူများပါဝင်ဆောင်ရွက်သည့် ထိတွေ့ဆက်ဆံခြင်းမှတဆင့် ယုံကြည်မှုကို တိုးမြှင့်တည်ဆောက်ပါ။ အဖွဲ့အစည်းတွင်းမှ ကျွမ်းကျင်သူများ*[1]* သည် ကွန်ရက်များ၊ လက်ရှိ လူမှုနိုင်ငံရေး အပြောင်းအလဲ အခြေအနေနှင့် ဆွေးနွေးမှုများတွင် ပါဝင်နေကြပြီး ထိုအချင်းအရာများနှင့် ရင်းနှီးကျွမ်းဝင်ကြသည်။ ထို့ကြောင့် ရှိရင်းစွဲ အစဝင်ပေါက်များကို အသုံးပြုကာ အဖွဲ့အစည်းတွင်း ကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုပြုပါ။မတူကွဲပြားသည့် အရေးပါသည့် အင်အားစုများအတွက် လုံခြုံသော နေရာနယ်ပယ်ကို ဖန်တီးပါ။

[1] အဖွဲ့အစည်းအတွင်း ပါဝင်နေသည့် ကျွမ်းကျင်သူများသည် အမျိုးသမီး အဖွဲ့ဝင်များ သို့မဟုတ် လှုပ်ရှားမှုနှင့် နီးကပ်စွာရှိနေသူများ ဖြစ်ကြပြီး ထိုသူများကို လှုပ်ရှားမှု၏ ခေါင်းဆောင်ပိုင်းက ယခု စီမံချက် အကောင်အထည်ဖော်လာစေရေးအတွက် အရည်အသွေးနှင့်ပတ်သက်၍ ပါဝင်ဆောင်ရွက်ရန် ရွေးချယ်ကာ ပံ့ပိုးမှုများ ပေးထားသူဖြစ်သည်။

အထောက်အကူဖြစ်သော ဖွဲ့စည်းတည်ဆောက်မှုပုံစံကို ရင်းနှီးမြှုပ်နှံခြင်းနှင့်အတူ စိုးရိမ်ပူပန်ချက်များနှင့် အကြံပြုချက်များ မြှင့်တင်ဖော်ထုတ်ရန် အထူးသဖြင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ အတိအကျ ပါဝင်ဆောင်ရွက်ရန် လိုအပ်သော်လည်း ဤမျှဖြင့် လည်း မကန့်သတ်ထားသင့်ပါ။

**၅။ လက်တန်းဆောင်ရွက်ခြင်းထက် ရေရှည်ထိတွေ့ဆက်ဆံမှုအတွက် အစီအစဉ်ရေးဆွဲပါ။**
ဖွဲ့စည်းပုံဆိုင်ရာ အပြောင်းအလဲများအတွက် အချိန်ယူရသည်ကို အသိအမှတ်ပြုပါ။ ရေတိုလက်တန်း ပြင်ဆင်မှုများထက် စာလျှင် ရေရှည်ထိတွေ့ဆက်ဆံမှု လိုအပ်သည်။ APMs အတွင်းနှင့် ၎င်းတို့အုပ်ချုပ်နေသည့် မြေများအတွင်း လက်တွေ့ အကောင်အထည်ဖော်မှုများ ဆောင်ရွက်နိုင်သည်အထိ လုပ်ငန်းစဉ်ကို ပံ့ပိုးကူညီရန် စိတ်ပိုင်းဖြတ်ပါ။

# ၁။ နိဒါန်း

“သူတို့ *[နိုင်ငံတကာ အဖွဲ့အစည်းများ]* က တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေကို သူတို့ပြည်သူတွေအပေါ် တရားဝင် အုပ်ချုပ်ခွင့်ရှိတဲ့ အစိုးရအဖြစ် တကယ်တမ်းက အသိအမှတ်ပြု ဆက်ဆံမှုမရှိဘူး။ ဒါကြောင့် သူတို့ *[…]* အနေနဲ့ တခြားအစိုးရတွေနဲ့ အစိုးရဖွဲ့စည်းပုံ *(ဒါမှမဟုတ်)* အင်စတီကျူးရှင်းအားကောင်းဖို့ လုပ်သလိုပဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ လုပ်ဖို့လိုအပ်တယ်လို့ ကျမတို့ ထင်တယ်“ ဟု မြန်မာနိုင်ငံတွင် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး (WPS) ဆိုင်ရာအစီအစဉ်ကို အကောင်အထည်ဖော်နေကြသည့် လက်နက်ကိုင်နှင့် နိုင်ငံရေးလှုပ်ရှားမှုများ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ လူအများပူးပေါင်းပါဝင်သည့် သုတေသနစီမံကိန်းတခုတွင် အမျိုးသမီးအဖွဲ့အစည်းတခု၏ ခေါင်းဆောင်တစ်ဦးက ပြောကြားခဲ့သည်။[2] လက်နက်ကိုင်ပဋိပက္ခများကြောင့် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် မမျှတစွာ ထိခိုက်သက်ရောက်မှုများကို ဖြေရှင်းပေးနိုင်ရေးအတွက် WPS အစီအစဉ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ (၂၀၀၀ ခုနှစ်) အဖြစ် တရားဝင် အထင်ကရ ဆုံးဖြတ်ထားခဲ့ပြီး နောက်ပိုင်းတွင် ထပ်ဆင့်၍ ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြသည်။ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ အရ ကြိုတင်ကာကွယ်ရေး၊ ပါဝင်ဆောင်ရွက်ရေး၊ အကာအကွယ်ပေးရေးနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး စသည့် မဏ္ဍိုင် ၄-ခုကို ချမှတ်ခဲ့သည်။ ယခင်မြန်မာအစိုးရက နိုင်ငံအဆင့်တွင် WPS အစီအစဉ်ကို မြှင့်တင်ရေးအတွက် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (NSPAW) ကို ၂၀၁၃ ခုနှစ်တွင် ရေးဆွဲအတည်ပြုခဲ့သော်လည်း နိုင်ငံအဆင့် လှုပ်ရှားမှုဆိုင်ရာ အစီအစဉ်တရပ်အဖြစ် အနိမ့်ဆုံးစံနှုန်းများကို ပြည့်မီအောင် မဆောင်ရွက်နိုင်ခဲ့ပါ။ ဥပမာအားဖြင့် တိကျသော ဘတ်ဂျက်များ သတ်မှတ်လျာထားချက် မရှိသည့်အပြင် “ပဋိပက္ခ” ဟူသော ဝေါဟာရအစား “အရေးပေါ်အခြေအနေများ” ဟူ၍ အကောက်ယူလွဲစေရန် ပြောင်းလဲပုံဖော်ခဲ့သည်။[3]

စောင့်ကြည့်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း (Observe and Act) စီမံကိန်းသည် လက်နက်ကိုင်နှင့် နိုင်ငံရေးလှုပ်ရှားမှုများ(APMs)[4] အတွင်း အထူးသဖြင့် ကရင်အမျိုးသား အစည်းအရုံး (KNU) နှင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP)[5] တို့ အနေဖြင့် ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေများအတွင်း အမျိုးသမီးများ ပါဝင်ရေးနှင့် အကာအကွယ်ပေးရေးအပေါ် မည်သို့ လုပ်ဆောင်နေသည်၊ ပိုမိုတိုးတက်အောင် မည်သို့ လုပ်ဆောင်နိုင်သည်ဆိုသည်ကို လေ့လာဖော်ထုတ်ရန် ရည်ရွယ်သည်။

[2] Mar Phyo, Z. (2022). Observe and Act: The Role of Armed and Political Movements in the Implementation of the Women, Peace and Security Agenda in Myanmar. Berghof Foundation and Fight for Humanity.

[3] အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (၂၀၁၉) အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာ- အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (NSPAW)၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ သုံးသပ်ချက်။

[4] လက်နက်ကိုင်နှင့် နိုင်ငံရေးလှုပ်ရှားမှုများသည် သတ်မှတ်ထားသည့် ဖွဲ့စည်းတည်ဆောက်မှုပုံစံရှိပြီး နိုင်ငံရေးဦးတည်ချက်များအတွက် လက်နက်ကိုင်လမ်းစဉ်ကို အသုံးပြုနေသည့် လွတ်လပ်သော အဖွဲ့အစည်းများအဖြစ် ကျွန်ုပ်တို့မှ နားလည်ထားသည်။ ပါဝင်ဆောင်ရွက်သူအချို့သည် တစိတ်တဒေသ/ပူးတွဲ အာဏာရှိသည့် နိုင်ငံတော်များအဖြစ် လည်ပတ်နေကြပြီး ၎င်းတို့၏ အင်အားကို နည်းဗျူဟာအရသာ အဓိက သုံးနေသည်ဟု သတ်မှတ်သောကြောင့် ယခု မူဝါဒစာတမ်းအကျဉ်းချုပ်တွင် ကျွန်ုပ်တို့သည် သမရိုးကျ ရည်ညွှန်းခေါ်ဝေါ်သော “အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့” ဟူသော ဝေါဟာရကို အသုံးမပြုပါ။

[5]ယခုစီမံချက်က ဤလှုပ်ရှားမှုနှစ်ရပ်နှင့် လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ခြင်းမှာ မတူညီသည့် စဉ်းစားချက်များအပေါ် တွင် အခြေခံသည်။ ထိုထဲတွင် လက်ရှိ ပဋိပက္ခအတွင်း ပါဝင်နေ ခြင်း၊ နိုင်ငံရေးနှင့် လက်နက်ကိုင်အဖွဲ့များရှိခြင်း၊ ပြည်သူ့ဝန်ဆောင်မှုများရှိခြင်း၊ ထိုင်း-မြန်မာနယ်စပ်မှတဆင့် လက်လှမ်းမီခြင်း၊ ယခင်အဆက်အသွယ်များရှိခြင်းနှင့် WPS နှင့်ပတ် သက်၍ ထိတွေ့ဆက်ဆံရန် လမ်းဖွင့်ထားမှုရှိခြင်းတို့ ပါဝင်သည်။

အဆိုပါ KNU နှင့် KNPP လှုပ်ရှားမှုနှစ်ရပ်လုံးသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသား ခုခံတော်လှန်ရေး အဖွဲ့အစည်းများကြား သက်တမ်းအရင့်ဆုံး အဖွဲ့များထဲတွင် ပါဝင်ပြီး နိုင်ငံရေးအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အတွက် အစိုးရခေတ်အဆက်ဆက် တိုက်ပွဲဝင်နေသည့် သမိုင်းကြောင်းလည်း တူညီကြသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုနှင့် အတူ လက်နက်ကိုင် ခုခံတော်လှန်မှုများ ပြန်လည်ပြင်းထန်လာပြီး ယင်းလှုပ်ရှားမှုများ ထိန်းချုပ်ရာနယ်မြေများနှင့် ဩဇာလွှမ်းမိုးရာနယ်မြေများတွင်းရှိ လူမှုအသိုင်းအဝိုင်းများကို ထိခိုက်စေခဲ့သည်။ [6]

ဤသုတေသနအရ KNU နှင့် KNPP အဖွဲ့နှစ်ခုလုံးတွင် အမျိုးသမီးများ အခွင့်အရေး၊ ကျား-မတန်းတူရေးနှင့် ပတ်သက်၍ တိကျသည့် မူဝါဒများ မရှိသေးသော်လည်း စိန်ခေါ်မှုများကြားတွင် WPS ဆိုင်ရာ ကိစ္စရပ်များကို အမှန်ကတယ် ထိတွေ့ ဆောင်ရွက်မှုရှိကြသည်။ ၎င်းလှုပ်ရှားမှုနှစ်ရပ်လုံးသည် အမျိုးသမီးများအပေါ် အကာအကွယ်ပေးရေးထက်စာလျှင် အမျိုးသမီးများ ပါဝင်ရေးကို ဦးစားပေးနေပြီး ၎င်းတို့နှင့် ဆက်စပ်နေသည့် အမျိုးသမီး အဖွဲ့အစည်းများ၏ ကျွမ်းကျင်မှု အပေါ် များစွာ မှီခိုအားထားနေကြသည်။ တစုံလုံးအနေဖြင့်ဆိုလျှင် ဖိုဝါဒကြီးစိုးသည့် ကျင့်သုံးမှုများနှင့် ပုံစံခွက်သွင်း ထားသည့် ကျား-မအခန်းကဏ္ဍများသည် လူမှုအဖွဲ့အစည်းအတွင်းနှင့် လှုပ်ရှားမှုများ၏ ခေါင်းဆောင်မှုအတွင်း ဆက်လက်အမြစ်တွယ်ဆဲဖြစ်ပြီး အမျိုးသမီးများ၏ နိုင်ငံရေးအရ ဦးဆောင်မှု၊ အထူးသဖြင့် ဆုံးဖြတ်ချက်ချသည့် အဆင့်များတွင် ပါဝင်နိုင်မှုကို သိသာထင်ရှားစွာ စိန်ခေါ်မှု ဖြစ်စေသည်။[7] ၂၀၂၂ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ယခု သုတေသနလုပ်ငန်း၏ အကြံပြုချက်များ၏ နောက်ဆက်တွဲအရ ကျားမရေးရာ မူဝါဒများနှင့် အမျိုးသမီးခေါင်းဆောင်မှု များကို အားကောင်းစေရေးအတွက် လှုပ်ရှားမှုတစ်ခုချင်းစီ၏ အဖွဲ့တွင်းကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးကူညီသည့် ဒိုင်ယာလော့များကို ၂၀၂၃ ခုနှစ်အတွင်း အကောင်ထည်ဖော် ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ ၂၀၂၁ ခုနှစ်၊ စစ်အာဏာသိမ်းပြီး နောက်ပိုင်းကာလတွင် လက်နက်ကိုင်နှင့် နိုင်ငံရေးလှုပ်ရှားမှုများ (APMs) ၏ အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အခန်းကဏ္ဍအရ အမျိုးသမီးများအခွင့်အရေးအတွက် တာဝန်ယူဆောင်ရွက်သူများ ဖြစ်လာပြီး တဖြည်းဖြည်း (နိုင်ငံတကာ၏) အသိအမှတ်ပြုမှု ရရှိလာသည်။ သို့သော်လည်း ၎င်းတို့အနေဖြင့် WPS အစီအစဉ်ကို အဓိပ္ပါယ်ပြည့်ဝစွာ အကောင်အထည်ဖော်မှုကို ကူညီပံ့ပိုးရန် ဗဟိုအစိုးရကို ကျော်လွှန်၍ ကြည့်ရန် လိုအပ်ချက်သည် မြန်မာနိုင်ငံတွင် ရှည်လျားသည့် သမိုင်းတစ်ခုဖြစ်ပြီး[8] ၎င်းသည် ဖြစ်နိုင်ချေရှိသည့် မည်သည့်အနာဂတ်အခြေ အနေမျိုးတွင်မဆို ဆက်လက် ဆက်နွယ်နေမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ဤမူဝါဒအနှစ်ချုပ်သည် မြန်မာနိုင်ငံနှင့် အခြားနေရာများရှိ APMs ထိန်းချုပ်သော နယ်မြေများအတွင်း WPS အစီအစဉ်ကို အကောင်ထည်ဖော်ရေးကို ကူညီပံ့ပိုးရန်အတွက် လှုပ်ရှားမှုများကိုယ်တိုင် အစပျိုးထားသည့် (အိမ်တွင်းဖြစ်) အကြံပြုချက်များပေးရန် ရည်ရွယ်လုပ်ဆောင်ခဲ့သည့် “စောင့်ကြည့်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း” စီမံချက်အတွင်း ကျင့်သုံးခဲ့သော သီးသန့်ချဉ်းကပ်မှုအပေါ် ထင်ဟပ်ထားသည်။ တည်ငြိမ်မှုမရှိသည့် အခြေအနေတွင် အကြောင်းအချက်များစွာသည် မြေပြင်ရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ပါဝင်မှုနှင့် ၎င်းတို့အား အကာအကွယ်ပေးရေးဆိုင်ရာ အရွေ့များအပေါ် များစွာ လွှမ်းမိုးသက်ရောက်နေပြီး မြန်မာနိုင်ငံရှိ WPS အကြောင်းအရာအပေါ် နိုင်ငံတကာ၏ အာရုံစိုက်မှုကိုလည်း တိုးလာစေသည်။  ထို့ကြောင့် ယခုစာတမ်းတိုသည် စီမံကိန်း၏ အကောင်ထည်ဖော်မှုနှင့် လေ့လာတွေ့ရှိထားသော အပြောင်းအလဲများအကြား ကျိုးကြောင်းဆက်စပ်မှုကို ဖော်ထုတ်ရန် မဖြစ်နိုင်ပါ။ သို့သော် မတူညီသည့် အဆင့်နှင့် မတူညီသည့်နေရာမှ စီမံကိန်းအတွင်း ပါဝင်ခဲ့ကြသည့် သုတေသနလုပ်ငန်းစဉ်အတွင်း ပါဝင်ခဲ့သူ တစ်ဦးချင်း၏ ထိတွေ့ဆက်ဆံမှုများမှ ထွက်ပေါ်လာသည့် ပြောင်းလဲမှုရလဒ်အပေါ် ထင်မြင်ချက်များကိုသာ ဖော်ထုတ်တင်ပြထားပါသည်။

စောင့်ကြည့်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း (Observe and Act) စီမံချက် အနေဖြင့် သုတေသနနှင့် ဒိုင်ယာလော့များ လုပ်ဆောင်ရန် သီးသန့်ချည်းကပ်မှုတစ်ခုကို လုပ်ဆောင်ခဲ့သည်။ ယင်းတွင် အစိတ်အပိုင်း ၄ ခု ပါရှိသည်။

[6] Loong, S. (2022). Southeast Myanmar: a shared struggle for federal democracy. The International Institute for Strategic Studies Online-Article. Retrieved from https://myanmar.iiss.org/analysis/southeast.

[7] ဇင်မာဖြိုး. (2022). စောင့်ကြည့်လေ့လာခြင်းနှင့် တုံ့ ပြန်ဆောင်ရွက်ခြင်း - မြန်မာနိုင်ငံရှိ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အစီအစဉ်များ အကောင်ထည်ဖော်ရာတွင် လက်နက်ကိုင်နှင့် နိုင်ငံရေးလှုပ်ရှားမှုများ၏ အခန်းကဏ္ဍ။ Berghof Foundation and Fight for Humanity.

[8] Olivius, E., Hedström, J., & Mar Phyo, Z. (2022). Feminist Peace or State Co-optation? The Women, Peace and Security agenda in Myanmar. European Journal of Politics and Gender, 5(1), 25-43.

## ၁။ APM ခေါင်းဆောင်ပိုင်း ထိတွေ့ဆက်ဆံမှု

အရပ်ဘက်လူမှု အဖွဲ့အစည်းများ (CSOs)၊ အထူးသဖြင့် အမျိုးသမီးအဖွဲ့အစည်းများကို ဤလုပ်ငန်းစဉ်အတွက် အနီးကပ် ညှိနှိုင်းတိုင်ပင်မှုပြုလုပ်သည့် တပြိုင်တည်းတွင် ယခုစီမံချက်၏ အဓိကကျသည့် အစပျိုးဝင်ပေါက်မှာ APMs လှုပ်ရှားမှု၏ ခေါင်းဆောင် မှုပင်ဖြစ်ပါသည်။ ပထမအချက်အနေဖြင့် KNU နှင့် KNPP အဖွဲ့တို့၏ ခေါင်းဆောင်ပိုင်းကို ချည်းကပ်၍ ယခုစီမံချက် ဆောင်ရွက်နိုင်ရန် ခွင့်ပြုချက်နှင့် ပံ့ပိုးကူညီမှုများ တောင်းဆိုခဲ့ပါသည်။ ထိုအချိန်မှစ၍ ၎င်းတို့သည် လှုပ်ရှားမှုလုပ်ငန်းဆောင်တာများတွင် အမြဲတစေ ပါဝင်ပတ်သက်ခဲ့သည်။ သာဓကအားဖြင့် အဖွဲ့အစည်းအတွင်းရှိနေသည့် ကျွမ်းကျင်သူများကို ရှာဖွေဖော်ထုတ်ခြင်း၊ တွေ့ဆုံမေးမြန်းမှုများတွင် ပါဝင်ခြင်း၊ တွေ့ရှိချက်များ သတင်းဖြန့်ဝေရာတွင် ပါဝင်ပံ့ပိုးကူညီခြင်း၊ သို့မဟုတ် ညှိနှိုင်းဆွေးနွေးမှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စေခြင်းတို့ ဖြစ်သည်။ ထိုသို့ ပါဝင်ခြင်းအားဖြင့် APMs လှုပ်ရှားမှုများသည် WPS အစီအစဉ်ကို အကောင်အထည်ဖော်မှုကို အမျိုးသမီးအဖွဲ့များတာဝန်အဖြစ်မဟုတ်ပဲ - အမျိုးသမီးအဖွဲ့များသည် WPS အရေး ကြိုးပမ်းဆောင် ရွက်မှုတွင် အရေးကြီးသည့် မဟာမိတ်ဖြစ်သော်လည်း လှုပ်ရှားမှု၏ တာဝန်နေရာတွင် အစားထိုးယူရမည့်သူများ မဟုတ်ပါ - ၎င်းတို့ကိုယ်တိုင် တာဝန်ထမ်းဆောင်သူအဖြစ် လက်ခံအသိအမှတ်ပြုမည်ဖြစ်သည်။

## ၂။ ပူးပေါင်းပါဝင်ဆောင်ရွက်မှု နည်းနာ

“ပူးပေါင်းပါဝင်မှု”သည် နိုင်ငံတကာအသိုင်းအဝိုင်း၏ ရေပန်းစားလူကြိုက်များသော ဝေါဟာရ ဖြစ်လာသော်လည်း ၎င်းကို နည်းလမ်းမျိုးစုံဖြင့် အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပြီး အမြဲတစေ အမှတ်ရရန်မှာ အကန့်အသတ်များ ရှိနေသည်။ ယခု စီမံချက်အတွက် လူအများ ပူးပေါင်းပါဝင်သည့် ချည်းကပ်မှုဆိုသည့် အဓိပ္ပါယ်မှာ လှုပ်ရှားမှုတွင်း အတွင်းကျကျ ပါဝင်နေသူများ (အဖွဲ့တွင်းကျွမ်းကျင်သူများဟု ခေါ်ဆိုကြသည်) ကို စီမံချက်၏ အဆင့်အားလုံးတွင် - နည်းနာပိုင်းရေးဆွဲမှုမှအစ  လုပ်ငန်းဆောင်တာများ အကောင်အထည် ဖော်မှု၊ ရလဒ်များကို စောင့်ကြည့်လေ့လာမှု၊ အနာဂတ်အစီအစဉ်များ ချမှတ်ရေးဆွဲမှုအဆင့်ထိ- ပါဝင်ပတ်သက်စေခြင်း ဖြစ် သည်။ ဥပမာအားဖြင့် ဤလုပ်ငန်းဆောင်တာများကို လုပ်ဆောင်ရာတွင် လူမှုအသိုင်းအဝိုင်း၏ ယုံကြည်လက်ခံမှုနှင့် အဖွဲ့တွင်းကျွမ်းကျင်သူများသာ ဦးဆောင်သော ဖြစ်စဉ်တစ်ခု ဖန်တီးရန် အတွက် သုတေသနပြုလုပ်ခြင်း သို့မဟုတ် ဒိုယာလော့များကို ဒီဇိုင်းရေးဆွဲခြင်းနှင့် အကျိုးဆောင်ခြင်းတို့ကို  လှုပ်ရှားမှု၏ အတွင်းလူများသာ (ပြင်ပ စီမံကိန်းဝန်ထမ်းများ ပါဝင်ခြင်းမရှိဘဲ) အဓိက လုပ်ဆောင်ခဲ့သည်။ တချိန်တည်းတွင် အတွင်းလူနှင့် ပြင်ပရှိနေသူများ၏ အခန်းကဏ္ဍ သဟဇာတဖြစ်ခြင်းနှင့် နိုင်ငံခြားမှ ငွေကြေးထောက်ပံ့သည့် စီမံချက်အတွက် လုပ်ဆောင်မည့်အကြောင်းအရာချမှတ်မှု (Agenda-Setting) သည် နိုင်ငံတကာအလှူရှင် များ၏ လက်ထဲရှိနေသည်[9]ကို ကြည့်ခြင်းအားဖြင့် ပူးပေါင်းပါဝင်သည့် ထိတွေ့ဆက်ဆံမှုသည် တကြိမ်တည်းနှင့် အပြီးပြတ်သည့် အရာထက် တဖြည်းဖြည်း အချိန်ယူလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်တစ်ခုအဖြစ် ရှုမြင်နိုင်သည်။

## ၃။ တည်ရှိနေသည့် ကြိုးပမ်းဆောင်ရွက်နေမှုများကို အားဖြည့်ပေးခြင်း

ဤစီမံချက်တွင် ပါဝင်သည့် နိုင်ငံတကာအဲန်ဂျီအိုအဖွဲ့အစည်းနှစ်ဖွဲ့ [Berghof Foundation နှင့် Fight for Humanity] လုံးသည် လှုပ်ရှားမှုအတွင်း ရှိရင်းစွဲ ကြိုးပမ်းအားထုတ်မှုများကို မြှင့်တင်ပေးခြင်းအားဖြင့် ပြင်ပမှနေ၍ အစီအစဉ်များချမှတ်ပေးခြင်းကို အထူးရှောင်ရှားခဲ့သည်။ နိုင်ငံတကာဆောင်ရွက်သူများအနေဖြင့် သက်ဆိုင်ရာ နယ်မြေအတွင်းရှိ အမျိုးသမီးများနှင့် မိန်းကလေး ငယ်များ၏ ပါဝင်မှုနှင့် အကာအကွယ်ပေးရေးကို မည်သို့ အကောင်းဆုံး မြှင့်တင်လုပ်ဆောင်ရမည်ဆိုသည်ကို မသိနိုင်သကဲ့သို့ လှုပ်ရှားမှုများအား ပြစ်တင်ဝေဖန်ရန်လည်း တရားဝင်မှုမရှိပါ။ အဖွဲ့အစည်းမှ အတွင်းလူများ၏ သုတေသနနှင့် တိုက်ရိုက်သက်ဆိုင်သူများစွာနှင့် စဉ်ဆက်မပြတ် နီးနှောဖလှယ်မှု ပြုခြင်းမှတဆင့် ဤစီမံချက်သည် ရှိရင်းစွဲ ကြိုးပမ်းအားထုတ်မှုများကို ဖော်ထုတ်ရန်နှင့် ယင်းအပေါ် အခြေခံဆောင်ရွက်ရန် ရည်ရွယ်ဦးတည်ခဲ့သည်။ ဒေသခံ အရပ်ဘက်အဖွဲ့အစည်းများ (CSOs) နှင့် အဖွဲ့အစည်းအတွင်းအပြင်မှ အမျိုးသမီးများသည် အမျိုးသမီးအခွင့်အရေးအတွက် ယခုနှင့်အခြားသော ထိတွေ့ဆက်ဆံမှုကာ လများထက် အဆပေါင်းများစွာကြာသည့် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် တိုက်ပွဲဝင်ခဲ့ကြသည်။  ၎င်းတို့၏တောင်းဆိုမှုများကို နားထောင်ခြင်းနှင့် ယင်းအပေါ် အခြေခံဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတကာ ထိတွေ့ဆက်ဆံမှုကို ပြင်ပလူများက ၎င်းတို့ကိုယ်ပိုင်လုပ်ငန်းစဉ်များ (သို့မဟုတ်) အိုင်ဒီယာများကို သွပ်သွင်းနေခြင်းဟု မမြင်ပဲ ပူးတွဲပန်းတိုင်ကို အောင်မြင်ရန်အတွက် နည်းနာတစ်ခုအဖြစ် (ရှိရင်းစွဲ အကန့်အသတ်များကြားတွင်) ရှုမြင်နိုင်အောင် ဖြစ်နိုင်ချေကို ဖန်တီးပေးသည်။

## ၄။ အင်အားစုအားလုံး ပါဝင်ဆောင်ရွက်နိုင်မှု

APM လုပ်ရှားမှုခေါင်းဆောင်မှုများသည် ယခုစီမံချက်၏ အစပျိုး ဝင်ပေါက်ဖြစ်သကဲ့သို့ အခြားတိုက်ရိုက်ပါဝင်သူအသီးသီးက လည်း ယခုလုပ်ငန်းစဉ်တွင် အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်ရန်မှာ အထူးအရေးကြီးသည်။ ဤနေရာတွင် ပါဝင်မှုဆိုသည်မှာ ထိတွေ့ဆက်ဆံမှုအတွက် အစီအစဉ်များရေးဆွဲချိန်၊ နည်းနာများပြင်ဆင်ချိန်နှင့် နယ်မြေအသီးသီးတွင် အဖွဲ့ဝင်အဆင့်အသီးသီးမှ ကိုယ် စားလှယ်များနှင့် စီမံချက်လုပ်ငန်းလှုပ်ရှားမှုများ လုပ်ဆောင်ချိန်တွင် အမျိုးသမီးအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ (CSOs)၊ အခြားအရေးပါသည့် အင်အားစုများ (လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် ပြည်ပရောက်လူထုများ၊ နိုင်ငံတကာ လှုပ်ရှားဆောင်ရွက်သူများ စသည်တို့) နှင့် ညှိနှိုင်းဆွေးနွေးခြင်းနှင့် ၎င်းတို့၏ အကြံပြုချက်များအတွက် ပူးပေါင်းဆောင်ရွက်ခြင်း ကို ဆိုလိုသည်။ ပူးပေါင်းပါဝင်သည့် သုတေသနတစ်ခုအတွက် အစီအစဉ်ရေးဆွဲသည့်အခါ ဥပမာအားဖြင့် အမျိုးသမီးအဖွဲ့အစည်းများသည် ၎င်းတို့အား လုံလောက်သည့် ညှိနှိုင်းဆွေးနွေးမှုမရှိဆိုသည့် ပြဿနာတစ်ရပ်ကို သုတေသနတွေ့ရှိချက်များ ပြန်လည်တင်ပြစဉ်အတွင်း အလေးပေးဆွေးနွေးမှုရှိခဲ့သည်။ အကျိုးဆက်အနေဖြင့် နောက်ပိုင်းပြုလုပ်သည့် ဒိုင်ယာလော့အစီအ စဉ်များ ရေးဆွဲချမှတ်ရာတွင် အမျိုးသမီးအဖွဲ့အစည်းတဖွဲ့ချင်း၏ အဓိက ဆက်သွယ်ရမည့်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမှတဆင့် ညှိနှိုင်းဆွေးနွေးမှုများ ပိုမိုလုပ်ဆောင်မှုနိုင်အောင် ကြိုးပမ်းအားထုတ်ခဲ့သည်။ ဤကဲ့သို့ ပြုပြင်ဆောင်ရွက်ရာတွင် စီမံကိန်းမိတ်ဖက်အဖွဲ့အစည်းများအားလုံးဘက်မှလည်း လိုက်လျောညီထွေမှုရှိရန် လိုအပ်သော်လည်း တဖက်တွင် လူအများ၏ လက်ခံမှုနှင့် လုပ်ငန်းစဉ်အပေါ် စိတ်ပိုင်းဖြတ်မှုကို ဖန်တီးပေးသည်။

ယခုစာတမ်းသည် WPS ခေါင်းစဉ်နှင့်ပတ်သက်၍ APMs များနှင့် ပူးပေါင်းပါဝင်သော နည်းနာများကို အသုံးချရန်အတွက် တိကျသည့် အကြံပြုချက်များကို ဖော်ထုတ်ရန်နှင့် ပြီးခဲ့သည့် ၁ နှစ်ခွဲကာလအတွင်း APMs များနှင့် ထိတွေ့ဆက်ဆံမှုများမှ လေ့လာသင်ယူနိုင်သည့် ကိုးကားမှုပုံစံတစ်ခုအဖြစ် “သိသာထင်ရှားသော ပြောင်းလဲမှုများ (MSC)” နည်းနာ၏ ရိုးရှင်းသောပုံစံကို အသုံးပြုထားပါသည်။[1] အရည်အသွေးအခြေပြု တွေ့ဆုံမေးမြန်းမှု (Qualitative interviews) ၇ ခုကို အဓိကကျသည့် ပါဝင်ပတ်သက်သူများ ဖြစ်သည့် KNU နှင့် KNPP အဖွဲ့အစည်းနှစ်ခုလုံးမှ APM ခေါင်းဆောင်များမှစ၍ ၎င်းတို့၏ အဖွဲ့တွင်းကျွမ်းကျင်သူများ၊ CSO အဖွဲ့ ဝင်များ၊ ဒေသခံမိတ်ဖက်အဖွဲ့အစည်းများအဆုံး ပါဝင်ပြုလုပ်ခဲ့သည်။ ဆက်သွယ်မေးမြန်းချက်များမှ ရရှိလာသော အချက်အလက် များကို စီမံချက်အဖွဲ့ဝင်များ၊ WPS ဆိုင်ရာ ပြင်ပကျွမ်းကျင်သူများနှင့်အတူ အလုပ်ရုံဆွေးနွေးပွဲတစ်ခုပြုလုပ်ကာ စိစစ်ခွဲခြမ်းစိတ် ဖြာမှု ပြုလုပ်ခဲ့သည်။

ယခုမူဝါဒစာတမ်းသည် တွေ့ဆုံမေးမြန်းခဲ့သူများ၏ မတူကွဲပြားသည့် အမြင်များကို ပြန်လည်သုံးသပ်၍ စီမံချက်ကာလအတွင်း တွေ့ရှိထားသည့် (အသိသာဆုံး) ပြောင်းလဲမှုများအပေါ် ထင်မြင်ယူဆချက်များကို ပြန်လည်ခွဲခြမ်းစိတ်ဖြာကာ လူအများပူး ပေါင်းပါဝင်သည့်နည်းနာကို အသုံးပြုခြင်း၏ ကောင်းကျိုးနှင့် စိန်ခေါ်မှုများကို လေ့လာသုံးသပ်ထားသည်။ APMs လှုပ်ရှားမှုနှစ်ခု လုံး ထိန်းချုပ်ထားသော နယ်မြေများရှိ အမျိုးသမိးနှင့် မိန်းကလေးငယ်များ၏ ပါဝင်ရေးနှင့် အကာအကွယ်ပေးရေးကို အား ကောင်းလာစေရန် ရှိရင်းစွဲ သက်ရောက်မှုများကို နားလည်သဘောပေါက်ခြင်းအပြင် နောက်ခြေတစ်လှမ်းဆုတ်ကာ အခြေခံ လေ့လာမှုပြုစဉ်ကတည်းက ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မြေပြင်အခြေအနေပေါ် အခြေခံ၍ အထက်ဖော်ပြပါ နည်းနာကို အသုံးပြုခြင်း အားဖြင့် ယခင်ပြုလုပ်ခဲ့သော “စောင့်ကြည့်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း[11]” စီမံချက်အတွင်းမှ သုသေသနအပေါ် လည်း များစွာ အထောက်အပံ့ဖြစ်စေခဲ့သည်။

[10]“The most significant change (MSC) technique is a form of participatory monitoring and evaluation.” See: Davies, R., & Dart, J. (2005). The ‘Most Significant Change’ (MSC) Technique. A Guide to its Use.

[11] ပူးပေါင်းပါဝင်သည့်သုတေသနနည်းဖြင့် လုပ်ဆောင်ထားသော သုတေသနအစီရင်စာတစ်စောင် (မြန်မာဘာသာဖြင့်လည်း ဖတ်ရှုနိုင်သည်)၊ မူဝါဒအနှစ်ချုပ်စာတမ်း (မြန်မာဘာသာဖြင့်လည်း ဖတ်ရှုနိုင်သည်။) နှင့် ဗီဒီယိုမှတ်တမ်းတို ‘Women on the Margins’ (short version **ကိုလည်း ကြည့်ရှုနိုင်သည်။)**

# ၃။ KNU နှင့် KNPP အဖွဲ့များမှ အပြောင်းအလဲ ဖြစ်ရပ်များ

စာတမ်းပါ တွေ့ရှိချက်များသည် ၂၀၂၂-၂၀၂၃ ခုနှစ် စီမံချက်ကာလများအတွင်း KNU နှင့် KNPP လုပ်ရှားမှုနှစ်ခုလုံး၏ WPS အစီအစဉ်အကောင်ထည်ဖော်မှုနှင့်ပတ်သက်၍ သိသာထင်ရှားသည့် အပြောင်းအလဲများကို အထူးပြုဖော်ပြထားသည်။ ပထမ သိသာသည့်အပြောင်းအလဲမှာ APMs ခေါင်းဆောင်များ၏ ဆွေးနွေးဟောပြောချက်များတွင် ကျား-မ တန်းတူရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ တာဝန်ယူမှု တာဝန်ခံမှုများ ထည့်သွင်းလာခြင်းဖြစ်သည်။ ထို့ပြင် လက်တွေ့အကောင်ထည်ဖော်ရေးအတွက် သိသာထင်ရှားသည့် ကြိုးပမ်းအားထုတ်မှုများနှင့် မူဝါဒအရ သံန္နိဌာန်ပြုမှုများကို လှုပ်ရှားမှုနှစ်ခုလုံးတွင် လေ့လာတွေ့ရှိရသည်။ နောက်ဆုံးအနေဖြင့် တွေ့ဆုံမေးမြန်းမှုတွင် ပါဝင်သူအများစုက APMs လှုပ်ရှားမှုများအတွင်းအပြင်တွင် ကျား-မ တန်းတူညီမျှမှု ပြဿနာကိုင်တွယ်ဖြေရှင်းရေးလုပ်ငန်းစဉ်အတွင်း အပြောင်းအလဲများကို အလေးပေး ဖော်ထုတ်ခဲ့ကြသည်။

## ခေါင်းဆောင်မှုပိုင်း၏ အမူအကျင့်နှင့် ပြောဆိုဟောပြောချက်အပြောင်းအလဲ

"ဂျဲန်ဒါ (Gender) ဆိုတာ အမျိုးသမီးတွေရဲ့ ကိစ္စပဲမဟုတ်ဘူး။ အမျိုးသားရော အမျိုးသမီးတွေနဲ့ပါ သက်ဆိုင်တဲ့ ကိစ္စဖြစ်တယ်"။ ယခုဖော်ပြချက်သည် ၂၀၂၃ ခုနှစ်အတွင်း KNPP ၏ ကျား-မတန်းတူရေးမူဝါဒရေးဆွဲရေးအတွက် ပြုလုပ်သည့် ဒိုင်ယာလော့တစ်ခုအတွက် KNPP ပြည်ထဲရေးဝန်ကြီး ဥေးရယ်က အဖွင့်မိန့်ခွန်းပြောရာတွင် ထည့်သွင်းပြောဆိုခဲ့ခြင်းဖြစ်သည်။ ဤပြောဆိုချက်သည် လှုပ်ရှားမှုခေါင်းဆောင်ပိုင်း၏ ပြောဆိုဟောပြောချက်အတွင်း သိသာထင်ရှားသည့် အရွေ့တစ်ခုကို ပြသနေခြင်းပင်ဖြစ်သည်။ အင်တာဗျူးဖြေဆိုသူတစ်ဦး၏အဆိုအရ KNPP ဌာနများထဲတွင် ပြည်ထဲရေးဝန်ကြီးဌာနသည် ယေဘုယျအားဖြင့် ဂျဲန်ဒါနှင့်ပတ်သက်၍ အားနည်းသည့် ဌာနများထဲ တစ်ခုအပါအဝင်ဖြစ်သည်။ “ပြောရမယ်ဆိုရင် ခေါင်းဆောင်မှုပိုင်းမှာ ဂျဲန်ဒါနဲ့ပတ်သက်ပြီး အရင်က မပြောတဲ့အခြေအနေကနေ အခုဆို ပြောဆိုလာကြတဲ့အနေအထားကို ပြောင်းလဲလာတယ်လို့ ဆိုရမယ်” ဟုဆိုကာ လုပ်ငန်းစီမံချက်ကာလအတွင်း တွေ့ခဲ့ရသည့် ဤထူးခြားသည့် ပြောဆိုချက်အပြောင်းအလဲကို ထည့်သွင်းပြောကြားခဲ့သည်။ အလားတူပင် KNU တွဲဘက်အထွေထွေအတွင်းရေးမှူး ၁ ဖဒိုစောသောသီဘွဲက ကရင်လူ့အဖွဲ့အစည်းအတွင်း ဖိုဝါဒကြီးစိုးမှု ရှိနေခြင်းနှင့် WPS နှင့်ပတသ်က်ပြီး အမျိုးသားများ၏ ပါဝင်ဆောင်ရွက်မှု အရေးကြီးပုံကို ယခုစာတမ်းအတွက် တွေ့ဆုံမေးမြန်းချိန်တွင် အလေးပေးပြောဆိုခဲ့သည်။ “ဂျဲန်ဒါနဲ့ပတ်သက်လို့ ဖိုဝါဒကကြီးစိုးမှုက အဖွဲ့အစည်းတိုင်း၊ လူ့မှုအသိုင်းအဝိုင်းတိုင်းမှာ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေတယ်။ ဒါက ငြင်းမရတဲ့အချက်ပဲ။ ဒါကြောင့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကိစ္စရပ်တွေနဲ့ပတ်သက်တဲ့ အသိပညာပေးမှုတွေကို အမျိုးသမီးတွေအတွက်ချည်းပဲမဟုတ်ဘူး၊ အမျိုးသားတွေအတွက်ပါ ဦးတည်လုပ်ဆောင်ရမယ်ဆိုတာ သိဖို့လိုအပ်တယ်” ဟု ၎င်းက ဆိုသည်။ ဤသုတေသနတွင် လှုပ်ရှားမှုနှစ်ခုလုံး၏ ခေါင်းဆောင်ပိုင်းအတွင်း ဟောပြောဆွေးနွေးချက်များ ပြောင်းလဲလာသည့် နောက်ခံအကြောင်းအရင်းနှင့်ပတ်သက်၍ ဖော်ပြရန် အကန့်အသတ်ရှိသော်လည်း တွေ့ဆုံမေးမြန်းခြင်းခံရသူ အများစုက ဤပြောင်းလဲမှုများကို စီမံကိန်းကာလအတွင်း ဖြစ်ခဲ့သည့် သိသာထင်ရှားသည့် အပြောင်းအလဲအဖြစ် မီးမောင်းထိုးခဲ့ကြသည်။ ဤအပြောင်းအလဲသည် သိသာထင်ရှားသည်ဟု ဆိုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ပုံမှန်အရ ဂျဲန်ဒါနှင့် WPS အကြောင်းအရာများသည် အမျိုးသမီးနှင့် အမျိုးသမီးအဖွဲ့အစည်းများနှင့်သာ သက်ဆိုင်သော တာဝန်အဖြစ် ယူဆသတ်မှတ်ကြလေ့ရှိသည်။

ထို့အပြင်၊ KNU ၏ WPS မူဝါဒဆိုင်ရာ ဒိုင်ယာလော့များတွင် ယခင်က အဖွဲ့အစည်းတွင်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးမှုမရှိခဲ့သည့် အိမ်တွင်းအကြမ်းဖက်မှုနှင့် LGBTQ+ အခွင့်အရေးများကဲ့သို့သော အလွန်အကဲဆတ်သည့် ဂျဲန်ဒါအကြောင်းအရာများကို ထည့်သွင်းဆွေးနွေးမှုများ ရှိလာခဲ့သည်။ အင်တာဗျူးဖြေဆိုသူတစ်ဦးက “ဂျဲန်ဒါဆိုတာ လူ့အဖွဲ့အစည်းထဲမှာ သိပ်မပြောသေးတဲ့ အကြောင်းအရာဖြစ်ဆဲပဲ။ ပြဿနာရှိနေတယ်ဆိုတာ လူတွေက သိတယ်။ ဒါပေမဲ့ ဒီလို လူထုကြား ပွင့်

[10] “အထူးသိသာထင်ရှားသည့် အပြောင်းအလဲ (MSC) ကို လူအများပါဝင်ဆောင်ရွက်မှုနှင့် စောင့်ကြည့်လေ့လာခြင်း၊ ပြန်လည်သုံးသပ်ခြင်းမှ ရရှိလာ စေသည်” “The most significant change (MSC) technique is a form of participatory monitoring and evaluation.” Please see further: Davies, R., & Dart, J. (2005). အထူးသိသာထင်ရှားသည့် အပြောင်းအလဲ (MSC) နည်းနာ- အသုံးပြုရန် လမ်းညွှန် The ‘most significant change’(MSC) technique. A guide to its use.

ပွင့်လင်းလင်းဆွေးနွေးတာမျိုး သိပ်မတွေ့ရဘူး။ လူတွေထင်တာက အမျိုးသမီးရေးက အမျိုးသားတွေနဲ့ မသက်ဆိုင်ဘူး၊ ပြီးတော့ အမျိုးသမီးအရေးကိစ္စတွေကို အမျိုးသမီးတွေကပဲ လုပ်သင့်တယ်လို့ မြင်ကြတယ်။ တခြား သိပ်မပြောကြတဲ့ အကြောင်း အရာတွေ၊ အမြင်တွေလည်း (အိမ်တွင်းအကြမ်းဖက်မှုနှင့် LGBTQ+ အခွင့်အရေးများကို ဆိုလိုသည်) ရှိသေးတယ်။ ဒါပေမဲ့ ဒိုင် ယာလော့တွေ စလုပ်တော့ ဆွေးနွေးပွဲထဲမှာ ဒီအကြောင်းအရာတွေကို စပြီး ပြောလာကြတယ်" ဟု ဆိုသည်။ သို့သော်လည်း ဤ ကဲ့သို့သော ပြောဆိုချက်အပြောင်းအလဲများသည် တရားဝင်အစည်းအဝေး ဆွေးနွေးပွဲများတွင်သာ အများအားဖြင့် တွေ့မြင်ရပြီး အစည်းအဝေးပြင်ပနေရာများတွင်မူ လက်တွေ့အမူအကျင့်များမှာ အများအားဖြင့် ပြောင်းလဲမှုမရှိသေးကြောင်း အခြားတွေ့ဆုံ မေးမြန်းခံရသူများက ထောက်ပြကြသည်။

## မူဝါဒကတိကဝတ်နှင့် လက်တွေ့အကောင်ထည်ဖော်မှု

တွေ့ဆုံမေးမြန်းသူများက လုပ်ရှားမှုနှစ်လုံးတွင် WPS နှင့်ပတ်သက်၍ မူဝါဒကတိကဝတ်နှင့် လက်တွေ့အကောင်အထည်ဖော်မှုတွင် သိသာထင်ရှားသည့် အပြောင်းအလဲများရှိကြောင်း ဖော်ပြကြသည်။ ပထမ သိသာထင်ရှားသည့် အပြောင်းအလဲမှာ (အချို့အကန့်အသတ်များဆက်လက်ရှိနေဆဲဆိုသော်လည်း) KNPP ညီလာခံ ကွန်ဂရက်၏ ရွေးချယ်တင်မြှောက်မှုဆိုင်ရာ စည်းမျဥ်းများနှင့်ပတ်သက်၍ အပြောင်းအလဲပင်ဖြစ်သည်။ KNPP တွင် ရွေးချယ်တင်မြှောက်ခံ ကိုယ်စားလှယ်လောင်းများသည် တင်းပြည့်ပါတီဝင်အဖြစ် အနည်းဆုံး သက်တမ်း ၅- နှစ် ရှိရမည်ဖြစ်ပြီး၊ ပါတီဝင်လျှောက်ချိန်အတွင်း တင်းပြည့်ပါတီဝင်ဖြစ်ရန် အနည်းဆုံး အချိန် ၆-လ လိုအပ်သည်။[12] သို့သော်လည်း အမျိုးသမီးများ ပိုမိုပါဝင်လာရန်အတွက် အခွင့်အလမ်းများကို ဖန်တီးရန် ကရင်နီအမျိုးသမီးအစည်းအရုံး (KNWO) အဖွဲ့ဝင်များအတွက် ချွင်းချက်အနေဖြင့် ပါတီဝင်သက်တမ်းနှင့်ပတ်သက်၍ စဉ်းစားပေးနိုင်ကြောင်း ပါတီခေါင်းဆောင်ပိုင်းမှ မကြာသေးမီက ကမ်းလှမ်းဆွေးနွေး ချက်များရှိခဲ့သည်။ တွေ့ဆုံမေးမြန်းခံရသူတစ်ဦးက "KNWO နဲ့ (ပုံမှန်အစည်းအဝေး) တွေ့ဆုံတဲ့အချိန်မှာ တကယ်လို့ KNWO အဖွဲ့ဝင်တွေ က ရွေးကောက်ပွဲဝင်ဖို့ ဆန္ဒရှိတယ်ဆိုရင် ပါတီရွေးကောက်ပွဲမှာပါဖို့ ပါတီဝင်သက်တမ်းမပြည့်လည်း ရတယ်ဆိုတာမျိုး KNPP ခေါင်းဆောင်တွေက ဆွေးနွေးလာတာမျိုး ရှိတယ်" ဟု ဆိုသည်။

ထို့အပြင် KNPP ၏ ကျား-မတန်းတူရေး မူဝါဒ နှင့် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် အကြမ်းဖက်စော်ကားမှုမှ ကာကွယ်တားဆီးရေး (PSEA) မူဝါဒများကို ရေးဆွဲရေးအတွက် အကူအညီပေးရန် KNWO အား အကူညီတောင်းခံခဲ့သည်။ "အရင်ကဆိုရင် KNPP အနေနဲ့ ဒီလို (မူဝါဒရေးဆွဲမှုတွေ) ကိစ္စတွေအတွက် ဦးဆောင်ဖို့ တခါမှ မစဉ်းစားခဲ့ဘူး" ဟုဆိုကာ ဂျဲန်ဒါနှင့်ပတ်သက်၍ အမျိုးသ မီးအဖွဲ့အစည်းများကို တိုက်ရိုက်တာဝန်လွှဲခြင်းအစား KNPP ခေါင်းဆောင်များမှ ၎င်းတို့၏ တာဝန်အဖြစ် လုပ်ဆောင်ချင်စိတ်ရှိ လာသည့်အပေါ် အင်တာဗျူးပေးသူတစ်ဦးက အလေးပေးပြောခဲ့သည်။ [13]

တွေ့ဆုံမေးမြန်းခံရသူများက သတိပြုမိသည့် ဒုတိယ သိသာထင်ရှားသည့် အပြောင်းအလဲမှာ လှုပ်ရှားမှုနှစ်ခုစလုံး၏ ဖွဲ့ စည်းပုံဆိုင်ရာ အပြောင်းအလဲများ ဖြစ်သည်။ KNU အဖွဲ့အစည်းက "စောင့်ကြည့်လေ့လာခြင်းနှင့် တုံ့ ပြန်ဆောင်ရွက်ခြင်း" စီမံချက်၏ အစိတ်အပိုင်းအဖြစ် အဖွဲ့တွင်း အားလုံးပါဝင်သည့် WPS ဒိုင်ယာလော့များကို စီစဉ်နိုင်ရေးအတွက် ကရင်အမျိုးသမီးအစည်းအရုံး (KWO) မှ အဓိကဆက်သွယ်ရမည့်သူတစ်ဦးပါဝင်သည့် အဓိကအုပ်စု (Core Group) တစ်ခုကို ဖွဲ့စည်းခဲ့သည်။ ထို့ ပြင် KNU အဖွဲ့အတွင်း အမျိုးသမီးဌာနသီးသန့်ထားရှိရေးနှင့် အမျိုးသမီးရေးနှင့် ဂျဲန်ဒါအရေးဆိုင်ရာ အဓိကတိုက်ရိုက်ဆက်သွယ်ရမည့်သူတစ်ဦး ထားရှိရေးအတွက် ဦးဆောင်မှုအဆင့်အတွင်း စတင်ဆွေးနွေးမှုများရှိနေပြီဖြစ်သည်။ ထို့ ပြင် ဤစီမံကိန်း၏ ဒိုင်ယာလော့များ အတွင်း အမျိုးသမီးပါဝင်ရေးမြှင့်တင်ရန်အတွက် ဦးဆောင်မှုအဆင့်တွင် တိကျသည့် လှုပ်ရှားမှုအစီအစဉ်တစ်ရပ်ကို KNU မှ သဘောတူဆွေးနွေးခဲ့သည်။ ထိုလှုပ်ရှားမှုအစီအစဉ်တွင် တိကျသောလုပ်ငန်းဆောင်တာများကို ရှင်းလင်းသည့် အချိန်သတ်မှတ် ချက်၊ တိကျသည့် နည်းနာနှင့် အာရုံစိုက်လုပ်ဆောင်မည့်အကြောင်းအရာများဖြင့် အသေးစိတ်ပါဝင်သည်။ သို့သော် လက်တွေ့ အကောင်ထည်ဖော်ရေးအတွက် လိုအပ်သည့် အရင်းအမြစ်ခွဲဝေသတ်မှတ်မှုမရှိသေးသည်မှာ အကန့်အသတ်တစ်ခုအဖြစ် အသိ

[12] Karenni National Progressive Party (2021). Basic Principles and Constitution, reviewed and ratified at 14th Party Congress, 27-30 December 2021.
[13]ဇင်မာဖြိုး. (2022). စောင့်ကြည့်လေ့လာခြင်းနှင့် တုံ့ ပြန်ဆောင်ရွက်ခြင်း - မြန်မာနိုင်ငံရှိ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အစီအစဉ်များ အကောင်ထည်ဖော်ရာတွင် လက်နက်ကိုင်နှင့် နိုင်ငံရေးလှုပ်ရှားမှုများ၏ အခန်းကဏ္ဍ။ Berghof Foundation and Fight for Humanity။ စာမျက်နှာ ၂၅

အမှတ်ပြုရမည်ဖြစ်သည်။ အလားတူပင် KNPP သည်လည်း စီမံချက်ကာလအတွင်း ဖွဲ့စည်းပုံဆိုင်ရာ အပြောင်းအလဲများ လုပ် ဆောင်ခဲ့သည်။ အင်တာဗျူးဖြေဆိုသူတစ်ဦးက KNPP ၏ တရားရေးစနစ်သည် မြေပြင်တွင် GBV ပြဿနာများကို ကိုင်တွယ်ဖြေ ရှင်းရန် ပျက်ကွက်နေဆဲဟု ဆိုသည်။ ထိုအားနည်းချက်ကို ဖြေရှင်းနိုင်ရေးအတွက် KNPP သည် အချို့ မြို့နယ်များတွင် အမျိုးသမီးများ တရားရေးစနစ်လက်လှမ်းမီမှု မြှင့်တင်ရေးအတွက် လုပ်ဆောင်လိုသည့် ဆန္ဒကို ဖော်ပြမှုရှိခဲ့သည်။ "အဲဒီနေရာ (မြို့ နယ်အဆင့် တရားရေးစနစ်) တွေမှာ လိုအပ်နေတဲ့ ဝန်ထမ်းတွေ ခန့်အပ်နိုင်ဖို့အတွက် ကြိုးစားနေတာရှိတယ်။ ဒါပေမဲ့ ဒါတွေက အပြောင်းအလဲရဲ့ အစပဲရှိသေးတယ်လို့ ပြောလို့ရတယ်" ဟု အင်တာဗျူးဖြေဆိုသူတစ်ဦးက ပြောကြားခဲ့သည်။

ဤကဲ့သို့ အပြုသဘောဆောင်သည့် မူဝါဒကတိကဝတ်များနှင့် လက်တွေ့ကျင့်သုံးမှုများကိုဖြစ်စေသည့် အကြောင်းအရင်းများထဲတွင် ဤစီမံချက်အပြင် အခြားအရေးပါသည့် နောက်ကွယ်က အကြောင်းအရာများကို လှုပ်ရှားမှုနှစ်ခုလုံးမှ ဖော်ပြခဲ့ကြသည်။ ထိုထဲတွင် လှုပ်ရှားမှုများ၏ ကာလကြာရှည်ကြိုးပမ်းမှုများ၊ စီမံကိန်းကာလမတိုင်မီကတည်းက ရှိပြီးသား မူဝါဒဆုံးဖြတ်ချက်များ၊ လက်ရှိနိုင်ငံရေးအခြေအနေသက်ရောက်မှုများနှင့် WPS ကို အာရုံစိုက်ရန် လှုပ်ရှားမှုတွင်းရှိပြီးသား ဖိအားများ စသည်တို့ ပါဝင်သည်။ အမှန်တကယ်အားဖြင့် "လေ့လာစောင့်ကြည့်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း" စီမံချက်သည် ပြီးခဲ့သည့် မူဝါဒကတိကဝတ်များကို လက်တွေ့အကောင်ထည်ဖော်ရေးအတွက် လိုအပ်နေသည့် လစ်ဟာချက်များကို ကူညီဖြည့်ဆည်းရာတွင် ချိန်ကိုက်ရောက်ရှိလာခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ KNU မှ အင်တာဗျူးလက်ခံဖြေဆိုသူတစ်ဦးက "အမျိုးသမီးပါဝင်ရေးက အရင်ကဆို *KWO* နဲ့ *KYO* *(ကရင်လူငယ်အစည်းအရုံး)* တို့ကပဲ စပြီး တာဝန်ယူလုပ်ခဲ့တယ်။ ဒါပေမဲ့ အဲဒါက *KNU* သွားချင်တဲ့ နိုင်ငံရေးလမ်းကြောင်းကို အပြည့်အဝ အထောက်အပံ့မပေးနိုင်ခဲ့ဘူး။ ဒါကြောင့် ဒါကို အရေးကြီးကိစ္စအဖြစ် *KNU* က စပြီးစဉ်းစားခဲ့တယ်။ အဲဒီအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ဒီပူးတွဲစီမံချက်က ရောက်လာတယ်။ ပြီးတော့ *(ဒိုင်ယာလော့)* လှုပ်ရှားမှုတွေ ဖြစ်လာတာပဲ" ဟု ထည့်သွင်းပြောကြားခဲ့သည်။

## လုပ်ငန်းဆောင်ရွက်မှုပုံစံ အပြောင်းအလဲများ

လှုပ်ရှားမှု နှစ်ခုစလုံးတွင် WPS နှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တွင် သိသာသည့် ဖြစ်ပေါ်တိုးတက်မှုများရှိနေသည်ကို တွေ့ရှိချက်များက ဖော်ပြနေသည်။ KNPP ၏ (အချို့) ခေါင်းဆောင်များသည် စီမံချက်အတွင်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းဖြင့် WPS အရေးကိစ္စအပေါ် အာရုံစိုက်မှုများ တိုးမြင့်လာသည်။ အင်တာဗျူးဖြေဆိုသူ အချို့က ဤအပြောင်းအလဲများသည် လက်ရှိနိုင်ငံရေးနှင့် ပဋိပက္ခအရွေ့များကြောင့်ဖြစ်သည်ဟု ရှုမြင်သုံးသပ်သည်။ ၎င်းတို့အမြင်အရ ၂၀၂၁ ခုနှစ်မှစ၍ တဖန်ပြန်ပြင်းထန်လာသည့် ပဋိပက္ခများ၊ မြန်မာနိုင်ငံတွင် WPS အရေး မြှင့်တင်ဆောင်ရွက်ရေးအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ တစိုက်မတ်မတ် စည်းရုံးလှုံ့ဆော်မှုများနှင့် နိုင်ငံတကာရေစီးကြောင်းများကြောင့် ဦးဆောင်သူများအနေဖြင့် ပိုမိုအာရုံစိုက် အလေးပေးရန် လိုအပ်လာသည်။ သို့သော်လည်း အချို့အင်တာဗျူးဖြေဆိုသူများကမူ "စောင့်ကြည့်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း" သုတေသန၏ နောက်ဆက်တွဲ သက်ရောက်မှုအဖြစ် ရှုမြင်ကြသည်။ KNPP နှင့် နီးစပ်သည့် အင်တာဗျူးဖြေဆိုသူတစ်ဦးက "*KNWO* က *WPS* အတွက် လုပ်လာခဲ့တာ တော်တော်ကြာပြီ။ ဒါပေမဲ့လည်း *KNPP* ကနေပြီးတော့ ဒါကို အရေးကြီးကိစ္စတစ်ခုအနေနဲ့ သေချာလမ်းညွှန်ခဲ့တာမျိုး အရင်က မရှိခဲ့ဖူးဘူး။ သုတေသနလုပ်ပြီးနောက်ပိုင်းမှာ တချို့ *KNPP* ခေါင်းဆောင်တွေက *WPS* အရေး လုပ်ဖို့လိုလာပြီဆိုတာကို ပြောလာကြတယ်" ဟု ဆိုသည်။

ဂျန်ဒါရေးရာ ကိစ္စရပ်များနှင့်ပတ်သက်လျှင် ယခင်က အမျိုးသမီးအဖွဲ့အစည်းများ၏ တာဝန်အဖြစ်သာ သတ်မှတ်ခဲ့ရာမှ ယခု APMs နှင့် အမျိုးသမီးအဖွဲ့အစည်းများအကြား ကြီးမားသည့် ပူးပေါင်းဆောင်ရွက်မှုလုပ်လာသည့် အခြေအနေအထိ လုပ်ဆောင်မှုပုံစံအပြောင်းအလဲရှိခဲ့သည်ကို တွေ့ရှိချက်များက ဖော်ပြနေသည်။ ဥပမာ- KNPP ခေါင်းဆောင်ပိုင်းသည်

[12] Karenni National Progressive Party (2021), Basic Principles and Constitution, [အခြေခံမူများနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ] reviewed and ratified in 14th Party Congress in 27-30 December 2021.
[13] Mar Phyo, Z. (2022). Observe and Act: The Role of Armed and Political Movements in the Implementation of the Woman, Peace and Security Agenda in Myanmar. [လေ့လာမှုနှင့် လှုပ်ရှားမှု - မြန်မာနိုင်ငံတွင် အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကဏ္ဍ အကောင်အထည်ဖော်မှု နှင့် ပတ်သက်၍ လက်နက်ကိုင်နှင့် နိုင်ငံရေးလှုပ်ရှားမှုများ၏ အခန်းကဏ္ဍ] Berghof Foundation and Fight for Humanity, p. 25.

ဂျဲန် ဒါမူဝါဒရေးဆွဲခြင်းလုပ်ငန်းစဉ်ကို (KNWO ၏ ကူညီပံ့ပိုးမှုနှင့်အတူ) ၎င်းတို့ကိုယ်တိုင် ဦးဆောင်လုပ်ရန် စိတ်ပိုင်းဖြတ်မှုရှိခဲ့သည်။ KNU ခေါင်းဆောင်ပိုင်းသည် အဖွဲ့အစည်းတွင် ဦးဆောင်မှုအခန်းကဏ္ဍတွင် အမျိုးသမီးများပါဝင်မှု မြှင့်တင်ရေးကို လုပ်ဆောင်ရန် ၎င်း၏ နိုင်ငံခြားရေးရာဌာနကို သတ်မှတ်တာဝန်ပေးခဲ့သည်။ စီမံချက်ကာလအတွင်း အစပြုခဲ့သည့် ဤ ကဲ့သို့သော လုပ်ငန်းဆောင်ရွက်မှုပုံစံပြောင်းလဲမှုကို “လှုပ်ရှားမှုတစ်ရပ် ဖော်ဆောင်ခြင်း” အဖြစ် ပုံဖော်ပြောဆိုခဲ့သည်။ အစုအဖွဲ့တစ်ခုခုကို တာဝန်ပေးခြင်းအစား အားလုံးမျှဝေတာဝန်ယူသည့် နားလည်မှုတစ်ခုကို ဖန်တီးခဲ့သည်။ KNU မှ အင် တာဗျူးဖြေဆိုသူတစ်ဦးက “လူ ၂-၃ ဦးပဲ WPS အကြောင်း ဆွေးနွေးမယ်ဆိုရင် အဲဒီလူနည်းနည်းပဲ သိသွားမယ်။ ဒါပေမဲ့ KNU က ဒီကိစ္စကို တစ်ဖွဲ့တည်း လုပ်နေတာမဟုတ်ဘူး၊ လုပ်ဆောင်တဲ့အဆင့်ဆင့်မှာ ကျယ်ကျယ်ပြန့်ပြန့် အားလုံးပါဝင်ပူးပေါင်းပြီး လုပ်ကြတာ” ဟု ဆိုသည်။ သာဓကအားဖြင့် မှ ၄ နှစ်တာ လှုပ်ရှားဆောင်ရွက်မှုအစီအစဉ် အသေးစိတ်ကို ရေးဆွဲခဲ့သည့်အပြင် KNU ၏ WPS ဒိုင်ယာလော့အစီအစဉ်များတွင် ပါဝင်ခဲ့သည့် အခြားအဖွဲ့များကလည်း KNU ၏ ကြိုးပမ်းမှုကို အားဖြည့်ပေးနိုင်ရန် ၎င်းတို့၏ အဖွဲ့တွင်း စီမံချက်များကိုလည်း သီးသန့်ရေးဆွဲခဲ့သည်။ ဥပမာ- ဒိုင်ယာလော့အစီအစဉ်တွင် ပါဝင်ခဲ့သည့် ရလဒ်တစ်ခုအနေဖြင့် KYO မှ ဂျဲန်ဒါအသိပညာပေးနှင့်ပတ်သက်၍ စည်းရုံးလှုံ့ဆော်ရေးအစီအစဉ်များ ရေးဆွဲခဲ့ပြီး KWO မှလည်း KNU ၏ မြို့နယ်နှင့် ခရိုင် ဖွဲ့စည်းပုံများတွင် ပါဝင်နေသည့် KWO အမျိုးသမီးခေါင်းဆောင်များအတွက် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်သစ်တစ်ခုကို ရေးဆွဲပြင်ဆင်ခဲ့သည်။

ဤကဏ္ဍတွင် ဖော်ပြခဲ့သည့် ပြောင်းလဲမှု အဆင့် ၃ ဆင့်ဖြစ်သော အမူအကျင့်နှင့် ပြောဆိုဟောပြောချက်အပြောင်းအလဲများ၊ မူဝါဒကတိကဝတ်နှင့် လက်တွေ့အကောင်အထည်ဖော်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုပုံစံအပြောင်းအလဲ စသည်တို့သည် တခုနှင့်တခု ထပ်နေပြီး ဆက်စပ်မှုလည်း ရှိနေသည်။ ၎င်းပြောင်းလဲမှုများနှင့်ပတ်သက်၍ မတူညီသည့် အကြောင်းအချက်များ စနစ်တကျ လွှမ်းမိုးသက်ရောက်မှုရှိသည်။ မည်သို့ပင်ဆိုစေ ၂၀၂၂ ခုနှစ်မှ စတင်၍ WPS အစီအစဉ်အကောင်ထည်ဖော်ဆောင်ရွက်မှုတိုးတက်ရေးဆိုင်ရာ အချို့အပြောင်းအလဲများသည် “စောင့်ကြည့် လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း” စီမံချက်နှင့် ၎င်း၏ ချဉ်းကပ်နည်းတို့နှင့် သက်ဆိုင်ပတ်သက်နေသည်ဟု အင်တာဗျူးဖြေဆိုသူအားလုံးက ယူဆကြသည်။

## ၃။ ချည်းကပ်ပုံနည်းလမ်းနှင့် ပြန်လည်ချိတ်ဆက်မှု- လေ့လာတွေ့ရှိရသည့် အပြောင်းအလဲများအပေါ် လွှမ်းမိုးထားသည့် အကြောင်းအချက်များ

စုဆောင်းရရှိထားသည့် ဖြစ်ရပ်ဖြစ်စဉ်များအရ ဤသိသာထင်ရှားသည့် အပြောင်းအလဲများဖြစ်ပေါ်လာစေရန် အားဖြည့်ပေးသည့် စီမံကိန်းနည်းနာနှင့် ချိတ်ဆက်နေသည့် အဓိက အကြောင်းအချက် ၂ ချက်ရှိသည်။ ပထမတစ်ချက်မှာ စီမံချက်အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်အဆင့်ဆင့်တွင် လှုပ်ရှားမှုခေါင်းဆောင်ပိုင်း၏ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုဖြစ်သည်။ ဒုတိယအချက်မှာ အဖွဲ့တွင်းရှိနှင့်ပြီးသား လုပ်နိုင်စွမ်းများကို အားကောင်းစေရန် အဖွဲ့၏ အတွင်းလူများနှင့် လုပ်ဆောင်မှုကို အဓိက အခြေခံထားသည့် ပူးပေါင်းပါဝင်သည့် နည်းနာဖြစ်သည်။ သို့သော်လည်း ပြောဆိုဟောပြောချက်၊ မူဝါဒ/အဖွဲ့အစည်းဆိုင်ရာ လက်တွေ့ကျသည့် အပြောင်းအလဲများ ဖြစ်ပေါ်လာစေသည့် အကြောင်းတရားများထဲတွင် “လေ့လာစောင့်ကြည့်ခြင်း နှင့် တုံ့ပြန်ဆောင်ရွက်ခြင်း” စီမံချက်တစ်ခုတည်းကြောင့်မဟုတ်ပဲ လှုပ်ရှားမှုများအတွင်း ရှိနှင့်ပြီးသား နိုင်ငံရေးစိတ်ဆန္ဒ၊ လှုပ်ရှားမှုတောင်းဆိုမှုများနှင့် အခြားနိုင်ငံရေးအကြောင်းတရားများ၏ အခန်းကဏ္ဍသည်လည်း အရေးပါကြောင်းကို အင်တာဗျူးဖြေဆိုသူအားလုံးက အလေးပေးထုတ်ဖော်ပြောဆိုခဲ့သည်။

## ခေါင်းဆောင်ပိုင်း၏ ပါဝင်မှု

လုပ်ရှားမှုနှစ်ခုစလုံးမှ တွေ့ဆုံမေးမြန်းခဲ့သူ အများစုက အလေးပေးဖော်ပြကြသည်မှာ သုတေသနနှင့် ဒိုင်ယာလော့ လုပ်ငန်းစဉ်များအတွင်း ခေါင်းဆောင်မှုအဆင့်၏ ပါဝင်ပတ်သက်မှုသည် အပြောင်းအလဲဖြစ်ပေါ်စေရန်အတွက် အဓိက တွန်းအားဖြစ်စေခဲ့ပါသည်။ ခေါင်းဆောင်များသည် ဤစီမံချက်ကို အကောင်ထည်ဖော်လုပ်ဆောင်ရန် ခွင့်ပြုချက်ပေးခဲ့ ရုံမျှမက လုပ်ငန်းလှုပ်ရှားမှုများအားလုံး လုပ်ဆောင်ရာတွင် ၎င်းတို့၏ ပါဝင်မှုဖြင့် ခိုင်မာသည့် မဟာမိတ်ပူးပေါင်းမှုတစ်ခု ကို တည်ဆောက်နိုင်ခဲ့သည်။ ဤနေရာတွင် စီမံချက်လုပ်ငန်းစဉ်အတွင်း ပါဝင်သူများအားလုံး၊ အထူးသဖြင့် APM ခေါင်း ဆောင်များအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတကာအဲန်ဂျီအိုနှစ်ဖွဲ့နှင့်မည်သို့ လုပ်ဆောင်သည်ဆို သည့် အခန်းကဏ္ဍများကို ရှင်းလင်းစွာ သိရှိရန်မှာ အထူးအရေးကြီးသည်။ APM ခေါင်းဆောင်များသည် ယင်းဒေသ အတွင်း တရားဝင် အုပ်ချုပ်မှုများ ဆောင်ရွက်သူများအဖြစ် အသိအမှတ်ပြုခံရထားသည့်အလျောက် လူမှုဆက်ဆံရေး ပုံစံများ[14] ကို တရားဝင်သက်ဝင်စေသည်။ ထို့ပြင် APM ခေါင်းဆောင်များသည် WPS အစီအစဉ်ကို အကောင်အထည် ဖော်ခြင်းအားဖြင့် အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် ပဋိပက္ခ၏ မမျှတစွာ သက်ရောက်မှုများကို ဖြေရှင်းရန် တာဝန် ရှိသည့်သူများ ဖြစ်လာစေသည်။ နိုင်ငံတကာ အဲန်ဂျီအိုများ (INGOs) ၏ အခန်းကဏ္ဍမှာ တောင်းဆိုလာသည့် ဖြစ် နိုင်သမျှသော အကူအညီများကို ၎င်းတို့ကိုယ်ပိုင်/ သို့မဟုတ် အလှူရှင်များ၏ မဟာဗျူဟာနှင့်အညီ တိကျသော ကြိုးပမ်း ဆောင်ရွက်မှုများဖြင့် ပံ့ပိုးပေးရန် ဖြစ်သည်။ ဤသို့ လုပ်ဆောင်ချက်များမှတဆင့် မဟာမိတ်တည်ဆောက်မှုကို ဖန်တီး ပေးပြီး တဖန် ထိုမှတဆင့် လေ့လာတွေ့ရှိရသည့် အပြောင်းအလဲများကို ဆက်လက်ဖြစ်ပေါ်စေခဲ့သည်။

APM ခေါင်းဆောင်များ၏ WPS စီမံချက် အကောင်အထည်ဖော်မှုကို (မျှဝေ) တာဝန်ယူဆောင်ရွက်ခြင်းသည် ခေါင်း ဆောင်များ၏ ဤအကြောင်းအရာနှင့်ပတ်သက်၍ လူထုအကြား ကိုင်တွယ်ဖြေရှင်းသည့် နည်းလမ်းများကို ပုံဖော်ရာတွင် များစွာ အထောက်အကူဖြစ်စေသည်။ အချို့အင်တာဗျူးဖြေဆိုသူများ၏ အဆိုအရ အထက်ဖော်ပြပါ ကန့်သတ်ချက် များရှိသည့်တိုင် ခေါင်းဆောင်မှုအဆင့်တွင် ဂျဲန်ဒါနှင့် WPS အရေး ပြောဆိုဟောပြောချက်အပြောအလဲများသည် လှုပ်ရှား မှုများအတွင်း APM အဖွဲ့ဝင်များ၏ အဓိပ္ပာယ်ပြည့်ဝသော ပါဝင်မှုကို တွန်းအားပေးစေသည်။ ထိုမျှမက ခေါင်းဆောင် များသည် သုတေသနပြုမည့်အဖွဲ့တွင်း ကျွမ်းကျင်သူ ရှာဖွေကာ စီမံချက်အလုပ်အဖွဲ့အတွင်း အသံပါဝင်အောင် လုပ်ဆောင်ခြင်းမှအစ သုတေသနအတွင်း အင်တာဗျူးပေးသူများ၊ ဒိုင်ယာလော့အစီအစဉ်အတွင်း ပါဝင်တက်ရောက်သူ များအဖြစ် ပါဝင်ခြင်းအဆုံး ဤလုပ်ငန်းစီမံချက်အတွင်း စဉ်ဆက်မပြတ် ပါဝင်ခြင်းသည် ထိပ်ပိုင်းခေါင်းဆောင်များ အကြား WPS အရေးနှင့်ပတ်သက်၍ အဓိပ္ပာယ်ရှိသော ဆွေးနွေးမှုများ ဖြစ်ပေါ်လာစေရန် တွန်းအားပေးပြီး ထိုမှတဆင့် အပြုသဘောဆောင်သည့် မူဝါဒများ ပေါ်ထွက်လာစေရေးကို အထောက်အပံ့ဖြစ်စေသည်။ အလားတူ လုပ်ငန်းစဉ်အ ဆင့်တွင်လည်း လုပ်ငန်းစီမံချက်၏ လှုပ်ရှားမှုများတွင် APM ခေါင်းဆောင်များသည် အဓိကကျသည့် အခန်းကဏ္ဍတွင်ရှိ နေခြင်း၊ ဥပမာအားဖြင့် ဆွေးနွေးပွဲများကို ဖိတ်ကြားရာတွင် အဖွဲ့အစည်းတံဆိပ်ခေါင်းစည်းဖြင့် ဖိတ်ကြားနိုင်ခြင်းသည် ဤနေရာများတွင် အဓိပ္ပာယ်ပြည့်ဝသော ပါဝင်မှုများ၊ အထူးသဖြင့် အမျိုးသားများ ပိုမိုပါဝင်တက်ရောက်မှုများကို ဖြစ် စေသည့် သိသာထင်ရှားသော တွန်းအားတစ်ရပ်ဖြစ်ကြောင်း အင်တာဗျူးဖြေဆိုသူများက သတ်မှတ်ပြောဆိုကြသည်။ KNPP မှ အင်တာဗျူးပေးသူတစ်ဦးက အောက်ပါအတိုင်း ထောက်ပြသည်။ “အရင်တုန်းကဆိုရင် ဂျဲန်ဒါနဲ့ပတ်သက်ပြီး ဆွေးနွေးပွဲတက်ဖို့ အမျိုးသားတွေကို ဖိတ်ရင် သိပ်မလာကြဘူး။ သိပ်ပြီး စိတ်မဝင်စားကြဘူး။ တကယ်လို့ တက်ရောက်ခဲ့ တယ်ဆိုရင်လည်း အစောကြီး ပြန်သွားကြတယ်။ ဒါပေမယ့် အခုတော့ (ခေါင်းဆောင်ပိုင်းမှ ဦးဆောင်လုပ်ခြင်းကြောင့်) သူတို့တွေ ဆွေးနွေးပွဲကို အစကနေ ပြီးတဲ့အထိ ပါဝင်တက်ရောက်ကြတယ်”။ အလားတူပင် KNU မှ အင်တာဗျူးပေးသူ တစ်ဦးကလည်း လုပ်ငန်းစဉ်အတွင်း ခေါင်းဆောင်များပါဝင်မှု၏ အရေးကြီးပုံကို အသိအမှတ်ပြုခဲ့သည်- “ပွင့်ပွင့်လင်း လင်း ပြောရရင် ဒါလုပ်တာ နိုင်ငံရေးဝိတ်လည်း လိုတယ်။ နိုင်ငံခြားရေးဌာနကနေ တာဝန်ယူလုပ်တယ်ဆိုပေမယ့်လည်း တချို့လူကြီးတွေ ဖိတ်လို့မရနိုင်တာတွေ ရှိနိုင် တယ်။ တက်သင့်တဲ့သူတွေ မတက်ရောက်ရင်လည်း (ဆွေးနွေးပွဲက) အောင်မြင်သင့်သလောက် မအောင်မြင်နိုင်ဘူး”။ သို့သော်လည်း ခေါင်းဆောင်ပိုင်း၏ ပါဝင်မှုသည် အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ်အဖြစ်ပါဝင်သော်လည်း အခြားပါဝင်ပတ်သက် သည့် အင်အားစုများနှင့် ဆွေးနွေးညှိနှိုင်း တိုင်ပင်မှု

[[14] See Börzel, T. A., & Risse, T. (2021). Areas of Limited Statehood and Governance: Concepts and Measurements. In Börzel, T. A., & Risse T. (eds.). Effective Governance Under Anarchy: Institutions, Legitimacy, and Social Trust in Areas of Limited Statehood. Cambridge University Press, 29–57.

များကိုလည်း လျစ်လျူမရှုသင့်ပေ။ အထူးသဖြင့် အမျိုးသမီးအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် အမျိုးသမီးအခွင့်အရေးနှင့် ဂျဲန်ဒါတန်းတူညီမျှရေးအတွက် စစည်းရုံးလှုံ့ဆော်မှုများနှင့် မြှင့်တင်ရေးလုပ်ငန်းစဉ်များကို နှစ်ပေါင်းများစွာ လုပ်ဆောင်နေကြသူများဖြစ်သည်။ APM ခေါင်းဆောင်များကို တရားဝင်စီမံအုပ်ချုပ်ရေးကို ဆောင်ရွက်နေသူများအဖြစ် အသိအမှတ်ပြုသည့် တပြိုင်နက်တည်းတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည်လည်း လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ စဉ်ဆက်မပြတ် အသိပေးခြင်းနှင့် လုပ်ငန်းအဆင့်ဆင့်တွင်လည်း ပါဝင်နိုင်သည့် အခွင့်အလမ်းများ ရှိရန်မှာလည်း အထူးပင် အရေးကြီးသည်။ ခေါင်းဆောင်ပိုင်းနေရာတွင် အမျိုးသားအများစု လွှမ်းမိုးထားဆဲဖြစ်ခြင်းကြောင့် ခေါင်းဆောင်ပိုင်း၏ ပါဝင်မှုသည် အရပ်ဘက်အဖွဲ့အစည်းများ၏ အသံကို အစားထိုးနိုင်မည်မဟုတ်ပေ။

## ပူးပေါင်းပါဝင်သည့် ချည်းကပ်မှု

ပူးပေါင်းပါဝင်သည့် နည်းနာများ၊ အထူးသဖြင့် အဖွဲ့တွင်း ကျွမ်းကျင်သူများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သည့် နည်းနာသည် လေ့လာတွေ့ရှိရသည့် အပြောင်းအလဲများကို ဖြစ်ပေါ်စေခဲ့သည့် နောက်ထပ် အရေးကြီးသည့် အကြောင်းအချက်တစ်ခုဖြစ်ကြောင်း လှုပ်ရှားမှုနှစ်ခုစလုံးမှ တွေ့ဆုံမေးမြန်းခဲ့သူအားလုံးက ထောက်ပြကြသည်။ စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်မည့် အဖွဲ့တွင်း ကျွမ်းကျင်သူများကို APM ခေါင်းဆောင်ပိုင်းက ပူးတွဲသတ်မှတ်ထားသည့် စံနှုန်းအပေါ် အခြေခံ၍ ရွေးချယ်ခဲ့ပြီး လုပ်ငန်းစီမံချက်တွင် အတိုင်ပင်ခံအကြံပေးအဖြစ် ပါဝင်ရန် ဖိတ်ခေါ်ခဲ့သည်။ ထို့ကြောင့် အဖွဲ့တွင်း ကျွမ်းကျင်သူများသည် ၎င်းတို့၏ သက်ဆိုင်ရာ လှုပ်ရှားမှုများတွင် လုပ်ကိုင်ဆောင်ရွက်နေသည့် တပြိုင်နက်တည်းတွင် “စောင့်ကြည့်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း” စီမံချက်၏ အစိတ်အပိုင်းအဖြစ်လည်း ပါဝင်ကြသူများဖြစ်သည်။ “၎င်းတို့ကိုယ်တိုင်၏ လူမှုအုပ်စု”[15] ကို လေ့လာခြင်းဟု အဓိပ္ပာယ်ရသော အဖွဲ့၏ အတွင်းလူနှင့် သုတေသနပြုခြင်းဆိုင်ရာ သဘောတရားအပေါ် အခြေပြု၍ အဖွဲ့အတွင်း ကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုကို “စောင့်ကြည့်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း” စီမံချက်၏ လက်တွေ့လုပ်ဆောင်မှုအဆင့်တွင် ပိုမိုလုပ်ဆောင်ခဲ့သည်။ စီမံကိန်း၏ ကနဦးသုတေသနလုပ်ငန်းအဆင့်ပြီးနောက် အတိုင်ပင်ခံအကြံပေးအဖြစ် ပါဝင်သော အဖွဲ့တွင်းကျွမ်းကျင်သူများသည် လုပ်ငန်းလှုပ်ရှားမှုများကို လူထုကြား အသိပေးသည့် အစီအစဉ်များ၊ နောက်ဆက်တွဲ လုပ်ငန်း အစီစဉ်ချမှတ်မှုများ၊ နည်းနာများ ဖော်ထုတ်ရေးဆွဲခြင်းနှင့် ဒိုင်ယာလော့အစီအစဉ်များအကောင်အထည်ဖော်ခြင်းတို့တွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့ကြပြီး APM ခေါင်းဆောင်ပိုင်းနှင့် စီမံချက်အဖွဲ့တို့ကြား ဆွေးနွေးတိုင်ပင်မှုများကို စဉ်ဆက်မပြတ် လုပ်ဆောင်ခဲ့သည်။

ကွင်းဆင်းသုတေသနပြုခြင်းနှင့် WPS ဆိုင်ရာ မူဝါဒအလေးပေး အဖွဲ့တွင်း ဒိုင်ယာလော့အစီအစဉ်များကဲ့သို့သော အဓိက စီမံချက်လှုပ်ရှားမှုများသည် မည်သည့်ပြင်ပလူပုဂ္ဂိုလ်များမပါဝင်ပဲ APM ခေါင်းဆောင်များနှင့် အဖွဲ့တွင်း ကျွမ်းကျင်သူများကိုယ်တိုင်သာ အတူတကွ ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ တွေ့ဆုံမေးမြန်းခဲ့သူ အများစု၏ အဆိုအရ ဤသို့ လုပ်ဆောင်ခြင်းသည် ဒေသခံလှုပ်ရှားမှုများ၏ အခြေခံလိုအပ်ချက်ကို ပိုမိုထင်ဟပ်စေပြီး အကျိုးဆက်အားဖြင့် လုပ်ငန်းစဉ်အပေါ် ပိုမိုယုံကြည်မှုနှင့် မိမိတို့၏ ကိုယ်ပိုင်လုပ်ငန်းစဉ်တစ်ခုအဖြစ်လည်း ပိုမိုခံစားရစေသည်။ “စကားဝိုင်းဆိုတာ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှ ပြောကြတာ၊ ပြောရဲဆိုရဲရှိကြတာ။ အတွင်းလူဖြစ်တော့ ဒိုင်ယာလော့အတွင်းမှာ ရင်းနှီးမှုတည် ဆောက်ဖို့လွယ်တယ်၊ ဆွေးနွေးမှုကလည်း ပိုထိရောက်တယ်”ဟု အင်တာဗျူးပေးသူတစ်ဦးက ထောက်ပြသည်။ အချိန်ကြာလာသည်နှင့်အမျှ စီမံချက်အဖွဲ့အတွင်း တိုးတက်မှုများနှင့် နောက်ဆက်တွဲလုပ်ငန်းစဉ်များ ပူးတွဲဆောင်ရွက်ကြခြင်းကို ကြည့်ခြင်းအားဖြင့် စီမံကိန်းအတွင်း ပါဝင်သူများနှင့် စီမံချက်တစ်ခုလုံးတွင်ရှိသည့် ပူးပေါင်းပါဝင်မှုများအကြား ယုံကြည်မှု တဖြည်းဖြည်းတိုးတက်လာသည်ကို သက်သေအဖြစ် မြင်တွေ့နိုင်သည်။ သို့အတွက်ကြောင့် လူအများပူးပေါင်းပါဝင်သည့် ထိတွေ့ဆောင်ရွက်မှု တဖြည်းဖြည်း တိုက်တက်လာစေရန်မှာ အချိန်နှင့် ကြိုးပမ်းအားထုတ်မှုများ လိုအပ်ပေသည်။ အလိုအလျောက် ဖြစ်လာမည်မဟုတ်ပေ။

[15] အတွင်းလူ/ အပြင်လူဟူ၍ ဆန့်ကျင်ခြားနားမှုသဘောကို အမျိုးသမီးရေးဝါဒီတို့၏ ရပ်တည်ချက်အရ ပြင်းထန်စွာ ငြင်းချက်ထုတ်ကြကြောင်းနှင့် ပုံသေကားချမဟုတ်ဘဲ ပြောင်းလဲနေတတ်ကြောင်းကို အသိအမှတ်ပြုပါသည်။ See Naples, N.A. (2003). Feminism and Method: Ethnography, Discourse Analysis, and Activist Research (1st ed.). Routledge, p. 46.

အချို့အင်တာဗျူးဖြေဆိုသူများကမူ အဖွဲ့၏ အတွင်းလူများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်ကောင်းမွန်စေရေး အတွက် အခွင့်အလမ်းများကိုလည်း မီးမောင်းထိုးဖော်ပြခဲ့ကြသည်။ အဖွဲ့တွင်း ကျွမ်းကျင်သူများအတွက် စနစ်ကျသော သင်တန်းနှင့် စွမ်းရည်မြှင့်တင်မှုများ- ဥပမာအားဖြင့် ပိုမိုထိရောက်သော လုပ်ငန်းစဉ်များ တည်ဆောက်ရန် လိုအပ်သည့် ဒိုယာလော့အစီအစဉ်များကို စေ့စပ်ဆောင်ရွက်သည့် ကျွမ်းကျင်မှုဆိုင်ရာ နည်းပညာများ တည်ဆောက်ပေးခြင်း (သို့မဟုတ်) ပံ့ပိုးပေးခြင်းတို့ကို လုပ်ဆောင်ခြင်းရန် အကြံပြုကြသည်။ တချိန်တည်းမှာပင် သီးခြားလုပ်ငန်းလှုပ်ရှားမှုများကို အသေးစိတ်ကျစွာ ပြင်ဆင်ဆောင်ရွက်စီမံရသည့်အခါ အဖွဲ့တွင်းကျွမ်းကျင်သူအပေါ် ပြင်ပခေါင်းစဉ်များကို မြှင့်တင်နေသူ အဖြစ် အမြင်ခံရနိုင်သည့် အန္တရာယ်ကို ဖြစ်စေသည်။ လူမှုအဖွဲ့အစည်းအတွင်း ဖိုဝါဒကြီးစိုးသော စနစ်များနှင့် ကျားမအခြေပြု ပုံစံခွက်သွင်းထားသည့် အခန်းကဏ္ဍများ အမြစ်တွယ်ဆဲဖြစ်ခြင်းကြောင့် ဂျန်ဒါရေးရာသည် လှုပ်ရှားမှုများ အတွင်း၊ အထူးသဖြင့် ခေါင်းဆောင်မှုအဆင့်အတွင်း ထိရှလွယ်သော အကြောင်းအရာတစ်ရပ်အဖြစ် ဆက်လက်ရှိနေဆဲ ဖြစ်သည်။ သို့အတွက်ကြောင့် အထက်ဖော်ပြပါ တိုးတက်မှုနယ်ပယ်များရှိလာသော်လည်း အင်တာဗျူးဖြေဆိုသူတစ်ဦး က အဖွဲ့အတွင်းလူ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ စိုးရိမ်မှုတစ်ခုကို ထောက်ပြပြောဆိုခဲ့သည်။ “အခုတော့ အင်စတီကျူရှင်း (အဖွဲ့အစည်းစနစ်ဆိုင်ရာ) အပြောင်းအလဲပဲ ရှိသေးတယ်၊ အပြုအမူပိုင်းဆိုင်ရာ အပြောင်းအလဲကို အဲဒီလောက်ထိ မသွားသေးတော့ ကိစ္စမရှိသေးဘူး။ ဒါပေမဲ့ စံတန်ဖိုးတွေ၊ စံနှုန်းတွေကို စိန်ခေါ်ရတဲ့အချိန်ကျရင်တော့ ဆန့်ကျင်မှုတွေ အများကြီးရှိလာနိုင်တယ်။ အဲဒီအခါကျရင် အတွင်းလူတွေကို အတွင်းလူတွေအဖြစ် မမြင်တော့ပဲ အပြင်ကခေါင်းစဉ် တွေ ယူလာတဲ့သူတွေအဖြစ် မြင်လာနိုင်တယ်”။

ဤအချက်သည် ပါဝင်သူများ၏ မတူညီသည့် အာဏာရာထူးအနေအထား[16] သည် စီမံကိန်းအတွင်း အကျိုးသက်ရောက်မှုရှိသည်ကို ပြသနေသော်လည်း တဖက်တွင်မူ ပူးပေါင်းပါဝင်သည့် ထိတွေ့ဆက်ဆံမှုအတွက် အခြားသော အကန့်အသတ်များ ရှိနေသည်ကိုလည်း ဖော်ပြခြင်းလည်း ဖြစ်သည်။ နိုင်ငံတကာ NGO များနှင့် APM များအကြား မဟာမိတ်တည် ဆောက်ရာတွင် နိုင်ငံတကာမိတ်ဖက်များနှင့်/သို့မဟုတ် ၎င်းတို့၏ အလှူရှင်များက ငွေကြေးထောက်ပံ့သည့်အခါ (သို့မ ဟုတ်) အနည်းဆုံး အချို့သော လုပ်ငန်းဆောင်တာများ အကောင်ထည်ဖော်နိုင်ရေးအတွက် ပါဝင်ကူညီမှု သည့်အခါမျိုးတွင် တစုံတရာသော အာဏာလှုပ်ရှားသက်ရောက်မှုများမှာ မူရင်းသဘောအရပင် တည်ရှိနေသည်။ ထို့ကြောင့် လုပ် ဆောင်ရမည့် အစီအစဉ်နှင့် ပတ်သက်၍ လှုပ်ရှားမှုများမှ လုံး၀ ရာနှုန်းပြည့် ဦးဆောင်၍ မရသော်လည်း ရေရှည်ထိတွေ့ဆက်ဆံမှုတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်သည့် အနေအထားကို ဖြစ်စေသည်။ နိုင်ငံတကာလှုပ်ရှားဆောင်ရွက်သူများ၏ ရှုထောင့်မှကြည့်လျှင် ဤအချက်အပေါ်တွင် အမြဲတစေ ထင်ဟပ်သုံးသပ်ရန်လိုအပ်ပြီး တိုးတက်မှု အတွက် လမ်းကြောင်း များကို ရှာကြံနေရမည်ဖြစ်သည်။

ခြုံငုံသုံးသပ်ခြင်းအားဖြင့် “စောင့်ကြည့်လေ့လာခြင်းနှင့် တုံ့ပြန်ပြန်ဆောင်ရွက်ခြင်း” စီမံချက်၏ ခေါင်းဆောင်ပိုင်းများ ပါဝင်ကာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိသည့် တိကျသည့် ချဉ်းကပ်မှုသည် အထက်တွင် ဖော်ပြခဲ့သည့် လေ့လာတွေ့ရှိခဲ့သော အပြောင်းအလဲများဖြစ်ရန် တွန်းအားဖြစ်စေခဲ့ကြောင်း ပြသနေသည်။ ဤအပြောင်းအလဲများသည် လက်ရှိ မြန်မာနိုင်ငံတွင် ပြန်လည်ပြင်းထန်ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခအခြေအနေများအတွင်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အကာအကွယ်ပေးရေးနှင့် ၎င်းတို့၏ ပါဝင်မှုကို မြှင့်တင်ရေးအတွက် သေးငယ်လှသည့် ခြေလှမ်းများ အဖြစ် ရှုမြင်နိုင်သော်လည်း “သေးငယ်သော ဖြတ်ချက်များက သစ်ချပင်ကြီးများကို လဲပြိုစေ၏” ဆိုသည့် ဆိုရိုးစကား အတိုင်းပင် သေးငယ်သော ခြေလှမ်းများကို ပိုမိုလုပ်ဆောင်ခြင်းဖြင့် ပန်းတိုင်ရောက်ရန် အထောက်အကူဖြစ်စေသည်။ မတူညီသည့် အစုအဖွဲ့များနှင့် ပါဝင်ဆောင်ရွက်သူများ၏ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုများမှတဆင့် ဤအပြောင်းအလဲများသည် အဓိကကျသည့်သူများကို တစ်ဦးချင်းအဆင့်တွင် သက်ရောက်မှုများ ရှိခဲ့ပြီး ထိုမှတဆင့် ပို၍ ခံနိုင်ရည်ရှိသော တန်းတူညီမျှသည့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်မှုကို ဖန်တီးပေးနိုင်သည့် လူမှုနိုင်ငံရေးပန်းတိုင်[17] ကို နောက်ဆုံးရရှိနိုင်စေမည်ဖြစ်သည်။

[16] Bilgen, A., Nasir, A., & Schöneberg, J. (2021). Why Positionalities Matter: Reflections on power, hierarchy, and knowledges in “development” research. Canadian Journal of Development Studies / Revue canadienne d'études du développement, 42(4), 519-536.

[17] See CDA Collaborative Learning Projects (2016). Reflecting on Peace Practice (RPP) Basics: A resource manual. Retrieved from http://www.cdacollaborative.org/wp-content/uploads/2017/01/Reflecting-on-Peace-Practice-RPP-Basics-A-Resource-Manual.pdf.

# ၄။ အကြံပြုချက်များ

လေ့လာတွေ့ရှိရသည့် အပြောင်းအလဲများနှင့် "စောင့်ကြည့်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း (Observe and Act)" စီမံချက်နှင့် ၎င်းတို့၏ ချိတ်ဆက်မှုအပေါ် အခြေခံ၍ ယခုမူဝါဒ စာတမ်းတိုတွင် APM လွှမ်းမိုးထားသော (သို့မဟုတ် ထိန်းချုပ်ထားသော နယ်မြေများအတွင်း WPS အစီအစဉ်အကောင်ထည်ဖော်မှုနှင့်ပတ်သက်၍ ပံ့ပိုးကူညီလိုသူများအတွက် ၎င်းတို့၏ အနာဂတ်အစီအ စဉ်ရေးဆွဲမှုများတွင် ထည့်သွင်းစဉ်းစားရန်နှင့် ထင်ဟပ်သုံးသပ်မှုများ ပြုလုပ်နိုင်ရန်အတွက် အဓိက အကြံပြုချက် ၅ ချက်ကို မိမိတို့အနေဖြင့် နိဂုံးချုပ် တင်ပြလိုက်ပါသည်။

(နိုင်ငံတကာ) အဖွဲ့အစည်းများ၊ ရန်ပုံငွေထောက်ပံ့ပေးရေး အဖွဲ့အစည်းများနှင့် အခြားသော လုပ်ရှားသူများ အနေဖြင့်-

**၁။ WPS နှင့် ပတ်သက်၍ မည်သည့်လှုပ်ရှားမှုများက ထိတွေ့ဆောင်ရွက်ရန် ဆန္ဒရှိကြသည်ကို စဉ်းစားဆုံးဖြတ်ခြင်းနှင့် ရှိပြီးသား အာဏာသက်ရောက်လှုပ်ရှားမှုများ အားဖြည့်ပေးခြင်း။** ဂျဲန်ဒါတန်းတူမှုနှင့် WPS အကြောင်းအရာသည် လက်နက်ကိုင်နှင့် နိုင်ငံရေးလှုပ်ရှားမှုများတွင် ယခုတိုင် ထိရှလွယ်သည့် အရေးကိစ္စဖြစ်နေဆဲပင်ဖြစ်သည်။ WPS အကြောင်းအရာနှင့်ပတ်သက်၍ ထိတွေ့လုပ်ဆောင်ရန် ထိုကဲ့သို့ လှုပ်ရှားမှုများနှင့် အထူးသဖြင့် ၎င်းတို့၏ ခေါင်းဆောင်ပိုင်း၏ နိုင်ငံရေးစိတ်ဆန္ဒသည် ပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပေါ်လာစေရန်နှင့် လှုပ်ရှားမှုများအတွင်း ထိရှလွယ်သည့်အခြေအနေများကို လျော့နည်းစေရန်အတွက် အရေးပါသည့် သော့ချက်ဖြစ်သည်။ လှုပ်ရှားမှုအသီးသီးတွင် မတူညီ သည့် နိုင်ငံရေးနောက်ခံ၊ ယဉ်ကျေးမှု၊ အရင်းအမြစ်နှင့် WPS အစီအစဉ်နှင့်ပတ်သက်သည့် စိတ်ပိုင်းဖြတ်မှုများရှိကြသည်။ အကယ်၍ လုပ်ငန်းစဉ်သည် တည်ရှိနေသည့် လှုပ်ရှားသက်ရောက်မှုများနှင့် ကိုက်ညီမှုမရှိပါက အနုတ်သဘောဆောင်သည့် အကျိုးဆက်များ ဖြစ်လာနိုင်ပြီး ဒေသခံများ၏ ပိုင်ဆိုင်မှု (local ownership) နှင့်ပတ်သက်သည့် ခံစားမှုများကိုလည်း ထိခိုက်စေနိုင်သည်။ ကိုယ်ပိုင်အစီအစဉ်ကို အတင်းသွပ်သွင်းခြင်းမပြုပဲ အခြေခံအစပျိုးလေ့လာမှုများမှတဆင့် တည်ရှိနေသည့် လှုပ်ရှားသက်ရောက်မှုများနှင့် ပြင်ပမှ ကူညီပံ့ပိုးနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်နိုင်သည်။

**၂။ အမျိုးသမီးအဖွဲ့အစည်းများကိုလည်း ဘေးဖယ်မထားပဲ ခေါင်းဆောင်များကို လုပ်ငန်းစဉ်အတွင်း ပါဝင်စေခြင်း။** APM ခေါင်းဆောင်များကို စီမံအုပ်ချုပ်ဆောင်ရွက်သူ များနှင့် ၎င်းတို့လွှမ်းမိုးထားသော (သို့မဟုတ်) ထိန်းချုပ်ထားသော နယ်မြေများရှိ အမျိုးသမီးများ၏ အခွင့်အရေးအတွက် တာဝန်ရှိသူများအဖြစ် အသိအမှတ်ပြုရမည်။ ၎င်းတို့၏ လုပ်ငန်းစဉ်အတွင်း ပါဝင် မှုသည် လိုအပ်သော အပြောင်းအလဲဖြစ်စဉ်များကို လုပ်ဆောင်နေသော နိုင်ငံတကာဆောင်ရွက်သူများနှင့် ရေရှည်မဟာမိတ်တည် ဆောက်နိုင်ရေးနှင့် ကျင့်သုံးမှုအသစ်များဖြစ်ပေါ်လာရေးတို့အတွက် အလွန်ပင် အရေးကြီးသည်။ တချိန်တည်းမှာပင် အမျိုးသမီး အဖွဲ့အစည်းများနှင့် အခြားအရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ဂျဲန်ဒါတန်းတူညီမျှရေးနှင့် WPS ရေးအတွက် နှစ်ပေါင်းများစွာစည်းရုံးလှုံ့ဆော်နေသည့် သမိုင်းကြောင်းများ ရှိကြသည်။ ၎င်းတို့၏ ကျွမ်းကျင်မှုများကို အသိအမှတ်ပြုရန်နှင့် ထိုကျွမ်းကျင်မှုများ အပေါ် အခြေခံတည်ဆောက်ခြင်းသည် ရေရှည်တည်တံ့ခိုင်မြဲသော အပြောင်းအလဲဖြစ်စဉ်အတွက် အလွန် အရေးကြီးသည်။ ထို့ ကြောင့် ထိတွေ့ဆက်ဆံမှု မလုပ်ခင်နှင့် လုပ်နေစဉ်ကာလအတွင်း သက်ဆိုင်သည့် အင်အားစုအသီးသီး၊ အထူးသဖြင့် အမျိုးသမီး အဖွဲ့အစည်းများအကြား အားလုံးပါဝင်သည့် ညှိနှိုင်းဆွေးနွေးမှုများရှိရန် အရေးကြီးသည်။

**၃။ အမျိုးသားများ၏ပါဝင်ဆောင်ရွက်မှုကို အားပေးသည့်တချိန်တည်းတွင် အမျိုးသမီးများ၏ ခေါင်းဆောင်မှုကိုလည်း အသိအမှတ်ပြုခြင်း။** အမျိုးသမီးနှင့် ဂျဲန်ဒါရေးနှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်သော ထိရောက်သည့် လက်ခံကျင့်သုံးမှုများရှိရန်၊ အထူးသဖြင့် အမျိုးသားများ၏ ဦးဆောင်ပါဝင်မှုရှိရန်နှင့် ၎င်းတို့အား တာဝန်ရှိသူများဖြစ်လာစေရန် အမျိုးသားများချန်ပီယံများရှိ ရန်မှာ အရေးကြီးသည်။ သို့သော်လည်း ဤအရေးအရာနှင့်ပတ်သက်၍ အမျိုးသမီးများ၏ ကျွမ်းကျင်မှုများ၊ အတွေ့အကြုံများနှင့် ဖိုဝါဒကြီးစိုးမှုကို သိမ့်မွေ့စွာ ပြန်လည်တွန်းပို့စေနိုင်သည့် အန္တရာယ်များကို အသိအမှတ်ပြုခြင်းအားဖြင့် လုပ်ငန်းစဉ်အဆင့်ဆင့် ၏ ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်များတွင် အမျိုးသမီးများ၏ ပါဝင်မှုကို အားနည်းမှေးမှိန်မှုမရှိစေရန် သတိပြုရမည်။

**၄။ ယုံကြည်မှုနှင့် ရှိရင်းစွဲ ဝင်ပေါက်များအပေါ်တွင်သာ အခြေပြုလုပ်ဆောင်ခြင်း။** ပူးပေါင်းပါဝင်သည့် ထိတွေ့ဆက်ဆံမှုသည် သက်ဆိုင်သော ပါဝင်ပတ်သက်သူအချင်းချင်းကြား ယုံကြည်မှုအပေါ် အခြေပြုထားခြင်းဖြစ်သည်။ ၎င်းသည် တိကျသော မူဝါဒအပြောင်းအလဲများဖြစ်ပေါ်ရေးအတွက် အခြေခံတစ်ခုဖြစ်ပြီး တဖြည်းဖြည်း ပိုမိုထိရောက်မှုရှိလာရန်အတွက် အချိန်လိုအပ်သည်။ ရှိနှင့်ပြီးသားဝင်ပေါက်များမှတဆင့် အဖွဲ့အတွင်း ကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် အချိန်ကုန်သက်သာစေပြီး လုပ်ငန်းစဉ်ကိုလည်း ပိုမိုချောမွေ့စေသည်။ မည်သို့ပင်ဆိုစေကာမူ သက်ဆိုင်သည့် ပါဝင်ပတ်သက်သူများအားလုံးအတွက် အကြံပြုချက်များနှင့် စိုးရိမ်ချက်များကို ဖော်ထုတ်တင်ပြရန်အတွက် ယုံကြည်ရသည့် ပါဝင်သူများအကြား (ပြင်ပမှ ပါဝင်မှုမရှိသော) လုံခြုံသည့်နေရာ ဖန်တီးခြင်းသည် ထိခိုက်မှုများ ရှောင်ရှားရန်အတွက် အရေးကြီးသည်။ ထို့ပြင် ရေရှည်တည်တံ့သော အပြောင်းအလဲများကို လုပ်ဆောင်ရန် စစ်မှန်သည့် စိတ်ပိုင်းဖြတ်မှုများ ရှိလာစေရေးအတွက် ပံ့ပိုးပေးသည့် ဖွဲ့စည်းမှုပုံစံနှင့် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များအတွင်း ရင်းနှီးမြှုပ်နှံမှုများကိုပါ ပူးတွဲလုပ်ဆောင်သင့်သည်။

**၅။ လက်တန်းဆောင်ရွက်ခြင်းထက် ရေရှည်ထိတွေ့ဆက်ဆံမှုအတွက် အစီအစဉ်ရေးဆွဲပါ။** ဖွဲ့စည်းထားပုံဆိုင်ရာ ပြောင်း လဲမှုများ၊ အထူးသဖြင့် လှုပ်ရှားမှုများအတွင်းရှိ လူမှုရေးအရ တည်ဆောက်ထားသည့် ကျင့်သုံးမှုများနှင့် စံတန်ဖိုးများကို ကျော်လွှား ခြင်းနှင့်ပတ်သက်၍ အချိန်လိုအပ်ပါသည်။ ၎င်းတို့သည် ညတွင်းချင်း မပြောင်းလဲနိုင်ပါ။ ရေတို (သို့မဟုတ်) လက်တန်း ထိတွေ့ ဆက်ဆံမှုများသည် အပေါ်ယံပြောင်းလဲမှုကိုသာ ဖြစ်ပေါ်စေနိုင်ပြီး နိုင်ငံရေးအရေ တည်ငြိမ်မှုမရှိသည့် အခြေအနေအောက်တွင် ရေရှည်တည်တံ့ရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် ထိတွေ့ဆက်ဆံမှုသည် မူဝါဒရေးဆွဲနေသည့် အဆင့်တွင်သာ ရပ်တန့်မနေသင့်ပဲ APM များအတွင်းနှင့် ၎င်းတို့အုပ်ချုပ်နေသည့် နယ်မြေများအတွင်း ဂျဲန်ဒါတန်းတူရေးဆိုင်ရာ အစီအမံများ လက်တွေ့အကောင်ထည် ဖော်သည့်အချိန်ထိ လုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်ရန် လိုအပ်သည်။